အပ္ပမာဒေါ စ မေ့မှသု တော် မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၀ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ကြရမည်

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ကြီးသုံးရပ်ဟာ စစ်တိုက်ရန်၊ စစ်တိုက်ရန်မရှိက လေ့ကျင့်ရန်၊ စစ်တိုက်ရန်နှင့် လေ့ကျင့်ရန်မရှိက ပြည် သူ့အကျိုးပြုလုပ်ငန်း လုပ်ရန်တို့ဖြစ်တယ်။

ပထမတာဝန်ဖြစ်တဲ့ စစ်တိုက်ရန်ဆိုတာကတော့ တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက် နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံသားတို့ရဲ့ အသက် အိုးအိမ် စည်းစိမ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းမိန့်ခွန်းမှ–

ယနေ့ထုတ်
စာမျက်နှာ
၂၀ ၂၀၁

ရော်ဘာမျိုးနှင့်ဆီအုန်းစမ်းသပ်ကွက် လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မော်လမြိုင်မြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ရော်ဘာမျိုးနှင့် ဆီအုန်းယှဉ်ပြိုင်စမ်းသပ်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးတိုးတက်ထုတ်လုပ် ဒေသရာသီဥတုမြေနှင့်ကိုက်ညီသည့် ဆီအုန်းနှင့်ရော်ဘာတိုးချဲ့စိုက်ပျိုး ဆီအုန်းသည် တစ်ချိန်တွင်ပြည်ပပို့ကုန်အဖြစ်ရပ်တည်သွားနိုင်

ရန်ကုန် မတ် ၁၉

တနင်္သာရီတိုင်း မြိတ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ***စာမျက်နှာ ၃ ကော်လံ ၁***

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၂၀ ရက်)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြှင့်တင်နိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းအားထုတ်

ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ဦးဆောင်ပြီး သိပ္ပံနှင့်နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းယှက်နွယ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။

ယင်းသို့ သတင်းနှင့်နည်းပညာရပ်များကို အခြေခံပြီး လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကြွင်းကျန်ရစ်မနေစေရေးအတွက် နိုင်ငံတကာ၌ တွင်ကျယ်ထွန်းကားနေသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရရှိဖြစ်ထွန်းနေစေရန် နိုင်ငံတော်က စနစ်တကျ စီမံချမှတ်ဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မတ်လ ၁၆ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)အစည်းအဝေးခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲထားရှိမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ပြီးစီးသည့် အခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းစီမံချက် (Myanmar Character Code Set)၊ e-Procurement Project၊ Smart Card Based Vehicle Registration Project၊ Budget P.C Project၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာနည်းပညာ (ICT)လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာ၌–

"မြန်မာလူမျိုးတို့၏ ပင်ကိုထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများ၊ နည်းပညာများ ပေါင်းစပ်မိသည်နှင့်အမျှ မိမိတို့ မျှော်မှန်းသည့် တိုးတက်အောင်မြင်မှုများ လက်တွေ့ဖြစ်ထွန်းလာမည်သာဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များကလည်း နိုင်ငံတကာ(ICT)ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး မိမိတို့အပိုင်းက ဆောင်ရွက်ဖွယ်ရာများကို တက်တက်ကြွကြွ ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးဖွယ်ရာများနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်"

မှာကြားသည်။

နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ကွန်ပျူတာပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာကဏ္ဍမှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ရာ ရရှိဖြစ်ထွန်းနေသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာယာဝတီပန်းကန်နှင့်ကြွေပြားစက်ရုံ ဒုတိယဝန်ကြီးစစ်ဆေး အရည်အသွေးပြည့်မီသော ဗို့အားမြှင့်ကြွေသီးများထုတ်လုပ်ရေးမှာကြား

ရန်ကုန် မတ် ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် သာယာဝတီပန်းကန်နှင့် ကြွေပြားစက်ရုံသို့ရောက်ရှိ၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မဟာဓာတ်အားလိုင်းများအတွက် လျှပ်စစ်သွယ်တန်းရာတွင် အသုံးပြုသော 33 KVA နှင့် 66 KVA ဗို့အားမြှင့်ကြွေသီးများ စမ်းသပ်ထုတ်လုပ်နေမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီသော ဗို့အားမြှင့် ကြွေသီးများကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်သွားနိုင်ရေးအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ကြို့ပင်ကောက် မြို့ပေါ် ရပ်ကွက်များတွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဘော်ဘင် ရေလှောင်တမံမြောင်းလက်တံမှ ကြို့ပင်ကောက်မြို့သို့ ရေချိုသွယ်ယူသုံးစွဲသွားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီ ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ဩဝါဒနှင့်အညီ သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရနှင့် ပန်းဘဲတန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏလင်္ကာရတို့၏ ညွှန်ကြားချက်အရ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အောက်)အမှတ်၉၈ ရွှေသိင်္ဂီရတနာ ဓမ္မာရုံတွင် ဂေါပကအဖွဲ့က နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော ယဉ်ကျေးမှုသင်တန်းကို သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး–မြောင်းမြ)က ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာစာဘာသာ၊ အဘိဓမ္မာဘာသာ တို့ကို ဧပြီ ၁၉ရက်၊ တနင်္လာနေ့မှ စတင်၍ ဓမ္မဒါန သင်ကြားပို့ချမည် ဖြစ်သည်။ မေလနောက်ဆုံးပတ်တွင် ကျင်းပမည့် ယဉ်ကျေးမှု စာမေးပွဲအတွက် တက်ရောက်သင်ယူ ဖြေဆိုသူများသည် သတ်မှတ်ထားသည့် သုံးဘာသာစလုံးကို ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ နှစ်ဘာသာကိုဖြစ်စေ သို့မဟုတ် တစ်ဘာသာကိုဖြစ်စေ အချိန်မီ စာရင်းပေးသွင်း၍ တက်ရောက်သင်ယူ ဖြေဆိုနိုင်ကြောင်း သိရသည်။ **(က–ပ)**

မတ် ၁၅ရက်က တိုက် ၂၂၊ အခန်း ၂၅၊ ၁၅လမ်း လမ်းမတော်မြို့နယ်မှ ဦးသောင်းထိုက်မိသားစုက ဦးသောင်းထိုက်၏(၇၉)နှစ်မြောက် မွေးနေ့ အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

မတ် ၉ရက်က အလုံမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်က ပထမတန်း ပညာရည်ချွန်ဆုရ မဝင့်ဝင့်မိုးဃ်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

သာခုကန် ခုနစ်ရက်ဒုလ္လဘစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာခုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပခုက္ကူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဧပြီ ၁၀ရက်(စနေနေ့)မှ ဧပြီ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) အထိ ခုနစ်ရက် ဒုလ္လဘရဟန်းဝတ်ကြမည်ဖြစ်ရာ ဦးမြင့်ကြွယ် ရုံးဖုန်း– ၂၅၂၄၁၇၊ ၂၅၄၁၇၃၊ အိမ်ဖုန်း– ၅၃၆၇၅၃၊ ဦးစိုးမြင့် အိမ်–၆၆၃၈၆၅ တို့သို့ဆက်သွယ်ပြီး ဧပြီ ၁၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီအရောက် သာခုကန်ကျောင်းတိုက်သို့ လာရောက်ကြရမည် ဖြစ်ပြီး မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံတို့ကို မပျက်မကွက် ယူဆောင်လာကြရမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်

မတ် ၉ ရက်က လှိုင်သာယာမြို့နယ် အမက(၁၈) သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဟိတ်က ကျောင်းသားတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၁၈၀)

သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ အောင်ငြိမ်းချမ်းဆရာတော် ဘဒ္ဒန္တအဂ္ဂသာရနှင့် အရှင်တေဇောဘာသ ဓမ္မာစရိယ အရှင်ဝဏ္ဏိတသာရ (တက္ကသိုလဓမ္မာစရိယ)၊ ဆရာကြီး ဦးမျိုးသန့်(ဓမ္မာစရိယ)တို့က သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် အောင်ငြိမ်းချမ်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၃၆၅)၌ သင်္ကြန်အထူး ၁၀ရက် တရားစခန်းပွဲအဖြစ် ဧပြီ၈ရက်မှ ၁၈ရက် အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် အဖွဲ့ခွဲ (၃၆၅) ဖုန်း–၅၅၉၅၂၈သို့ ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၇ရက် ညနေအရောက် လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

သကြိၤန်ကာလသဲအင်းဂူတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၏ သင်္ကြန်ကာလ အထူးတရားစခန်းကို ဧပြီ ၉ရက်မှ၁၇ရက်အထိကိုးရက်ကျင်းပမည်ဖြစ်ပါသည်။ တရားအားထုတ်လိုကြကုန်သော ယောဂီများသည် ကြိုတင်စာရင်းပေးသွင်း၍လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ **ရှေ့ဖုံးမှ**

တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၇ ရက် နံနက် ၇နာရီခွဲတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊

အောင်မြင်မှုအသီးအပွင့်များ

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ စနစ်တကျချမှတ်၍ ကိုယ်ခွန်ကိုယ်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကဏ္ဍစုံ၊ ဘက်စုံက တိုးတက်အောင်မြင်မှု အသီးအပွင့်များရရှိနေသည်မှာ မျက်မြင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငါးလုပ်ငန်းရှင်များနှင့် ဆီအုန်းစိုက်ပျိုးနေသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သဘာဝသယံဇာတများကို အပြည့်အဝအသုံးချလျှင်တနင်္သာရီတိုင်းချမ်းသာကြွယ်ဝသည့်တိုင်းဖြစ်နိုင် မကြာမီကာလအတွင်းနိုင်ငံတော်၏ဆီအိုးကြီးအဖြစ်အမှန်တကယ်တက်လှမ်းနိုင်တော့မည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးနေသော တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အသစ်ဝင်ရောက်လုပ်ကိုင်ကြမည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ မြိတ်မြို့မှ စီးပွားရေး လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

လူနေမှုအဆင့်မြင့်မား

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းသို့ မကြာမီရက်ပိုင်းအတွင်းက ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်း၏ ရေမြေသယံဇာတ၊ ပင်လယ်ပြင်သယံဇာတ၊ သတ္တုသယံဇာတနှင့်သစ်တောသယံဇာတစသည့် သဘာဝသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်မည်ဆိုလျှင် တနင်္သာရီတိုင်းသည် ချမ်းသာကြွယ်ဝသော တိုင်းကြီးဖြစ်နိုင်ပြီးဒေသခံပြည်သူများ၏နှစ်စဉ်ပျမ်းမျှဝင်ငွေသည်လည်း ပိုမိုတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားသွားနိုင်ကြောင်းဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ရေရှည်အကျိုးဖြစ်ထွန်း

ထို့ပြင်တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့်စီးပွားရေးကဏ္ဍများအနက် စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဒေသတွင်း ဆန်စပါးဖူလုံရေးအတွက် ဆန်စပါးတိုးတက်ထုတ်လုပ်ရေး၊ ဒေသရာသီရေမြေနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်များဖြစ်သော ဆီအုန်းနှင့်ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးပေးညွှန်ပြခဲ့ပါကြောင်း။

ဆီအုန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏စားသုံးဆီဖူလုံရေးကို ဆီအိုးကြီးအဖြစ် ထိထိရောက်ရောက်အထောက်အကူပြုနိုင်မှာ ဖြစ်သကဲ့သို့ ရင်းနှီးစိုက်ပျိုးလုပ်ကိုင်သော လုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ်သတ်မှတ်ပြီး လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်များချထားပေးမှုအပါအဝင် လိုအပ်သည်များကိုအားပေးခဲ့ကြောင်း။

ဆီအိုးကြီးအဖြစ်

တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ ၁၅ ဖွဲ့က လွန်ခဲ့သောငါးနှစ်ခန့်က စ၍ မြေဧကထောင်သောင်းချီ၍ စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ တချို့ဆီအုန်းခြံများသည် ဆီသီးခိုင်များ လှိုင်လှိုင်ထွက်ရှိလာနေပြီဖြစ်၍ တနင်္သာရီတိုင်းသည် မကြာမီနှစ်ကာလအတွင်း နိုင်ငံတော်၏ဆီအိုးကြီးအဖြစ် အမှန်တကယ်တက်လှမ်းနိုင်တော့မှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သည်သာမက တစ်ချိန်တွင် ပြည်ပပို့ကုန်အဖြစ်ပင် ရပ်တည်သွားနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ကြောင်း။

ကြိုးကြိုးစားစားဆောင်ရွက်

မိမိတို့အနေဖြင့် အတားအဆီး၊အဟန့်အတား ပိတ်ဆို့မှုအမျိုးမျိုးကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့် ခံယူချက်ဖြင့် ကြိုးကြိုးစားစားဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ရာနှုန်းပြည့်မဟုတ်သည့်တိုင် အတော်များများ ပြည့်စုံအောင် တည်ဆောက်ပေးပြီး ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးအထောက်အကူပြု

ယင်းသို့ တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီလုပ်ငန်းရှင်များကလည်း ကဏ္ဍအလိုက် ကျွမ်းကျင်ရာ အပိုင်းမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်ပြည့်စုံစွာဖြစ်ထွန်းရေးအတွက် လည်းကောင်း စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါနှင့် ရော်ဘာတို့ကို ဈေးနှုန်း ကန့်သတ်၍ အချိုးအစားအရေအတွက် တစ်ရပ်အထိ နိုင်ငံတော်အဖွဲ့အစည်းများက ပင်ထောင်စနစ်ဖြင့် ဝယ်ယူခြင်း၊ နိုင်ငံတော် အဖွဲ့အစည်းများသို့ ရောင်းချစေခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်တော့မည် မဟုတ်ဘဲ ဈေးကွက်၏ သဘောတရားနှင့်အညီ ကြိုက်ရောင်း ကြိုက်ဝယ်လွတ်လပ်စွာ သယ်ယူ ရောင်းဝယ်ခွင့်ကို ပြုလိုက်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ရေဖြူမြို့နယ် ပုဂေါ်ခွန်းဆီအုန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခင်စနစ်ဟောင်းအရ နိုင်ငံတော်အပိုင်းက ကန့်သတ်မှုများဖြင့်ဝယ်ယူမှုများ လုံးဝရှိတော့မည် မဟုတ်ကြောင်း။

ကြံနှင့်ဝါကို ပြည်တွင်း လိုအပ်ချက် ဖူလုံပြည့်စုံအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်နေသေးသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် လောလောဆယ်ခွင့်ပြုသွားမည်မဟုတ်ဘဲ ပြည်တွင်းမှာသာ လွတ်လပ်စွာသယ်ဆောင်ရောင်းဝယ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့**

စာမျက်နှာ ၃ မှ

ရော်ဘာမှာမူ ပြည်တွင်းလိုအပ်ချက်အတွက် ဖူလုံရုံသာမက ပို့လျှံနိုင်သည့် အခြေအနေများရှိရာ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုရန် စီမံထားကြောင်း၊ ထို့ကြောင့် ရော်ဘာစိုက်ပျိုးသူများ ကိုယ်တိုင်ရော၊ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့်ပါ ရော်ဘာကို ပြည်တွင်း၌သာမက ပို့ကုန်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ခြုံလိုက်လျှင် ယနေ့ နိုင်ငံတော်၌ စိုက်ပျိုးထုတ်လုပ်နေသော သီးနှံများနှင့် စပ်လျဉ်း၍ ကန့်သတ်မှုများမရှိတော့ဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်ရေး၊ သက်ဆိုင်ရာ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးရှိရေး၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းရေး၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပိုမိုပေါ်ထွန်းရေးစသည့် မွန်မြတ်သောရည်မှန်းချက်များဖြင့် နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးတွင် အဟန့်အတားပြုမည့် အကန့်အသတ်များကို ပယ်ဖျက်ပေးလိုက်ပြီဖြစ်ရာ လုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အားသွန်ခွန်စိုက် အလုပ်လုပ်ကြရန်လိုကြောင်း။

တနင်္သာရီတိုင်းအတွင်း၌ ဆီအုန်းသာမက ရော်ဘာစိုက်ပျိုးရေးကိုလည်း ဝင်ရောက်လုပ်ကိုင်နိုင်သကဲ့သို့ သတ္တုကဏ္ဍ၊သားငါးကဏ္ဍနှင့်အခြားစီးပွားရေးကဏ္ဍများ၌လည်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဆိုပါအစည်းအဝေးခန်းမ၌ပင် လက်ရှိ ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားစွာဝင်ရောက်လုပ်ကိုင်မည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သထုံမြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဟန့်အတားပိတ်ဆို့မှုအမျိုးမျိုးကြားမှ နိုင်ငံတော်ဖွံ့ဖြိုးရေး ကြိုးစားဆောင်ရွက်လျက်ရှိ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အညီ လုပ်ငန်းရှင်များပူးပေါင်းပါဝင်

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ယမန်နေ့က လုပ်ငန်းရှင်များအနေဖြင့်မိမိတို့ စိုက်ပျိုးလုပ်ကိုင်ရန် စိတ်ဝင်စားသည့် ဒေသများ၊ ဆီအုန်းစိုက်ပျိုးသွားမည့် အစီအစဉ်များကို တင်ပြခဲ့ကြပြီးဖြစ်ကြောင်း။

ရေရှည်အစီအမံများ

စိုက်ပျိုးလိုသည့် နေရာဒေသများကို လက်တွေ့မျက်မြင်သွားရောက်လေ့လာနိုင်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်ပံ့ပိုးမှုများကို မြန်မြန်ဆန်ဆန်ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်းကောင်း ယခုကဲ့သို့ ထပ်မံတွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးလိုသည့်ဒေသ၊ ပထမနှစ်တွင် စိုက်ပျိုးသွားနိုင်မည့် ဆီအုန်းစိုက်ဧက၊ မိမိတို့စိုက်ပျိုးသွားမည့် ရေရှည်အစီအမံ အကြမ်းဖျဉ်းအခြေအနေတို့ကို တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလုပ်ငန်းရှင်များက စိုက်ပျိုးမြေရရှိပြီးနောက် ပထမနှစ်စိုက်ပျိုးရန်လျာထားဧကနှင့် နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည့် ဆီအုန်းဧကများကို ငါးနှစ်မှရှစ်နှစ်အတွင်း စီမံချက်ရေးဆွဲ၍ အပြည့်အဝစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအလိုက် ရှင်းလင်းတင်ပြကြပြီး မျိုး၊ မြေ၊ စက်၊ ယန္တရားနှင့်လုပ်သားရရှိရေးကိစ္စများကို တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို တိုင်းနှင့်သက်ဆိုင်ရာဌာနများက ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

တနင်္သာရီတိုင်း၌ လက်ရှိလုပ်ကိုင်နေသော ဆီအုန်းကုမ္ပဏီများအပြင် အသစ်ထပ်မံဝင်ရောက်လုပ်ကိုင်မည့် လုပ်ငန်းရှင်များက ဆီအုန်းစိုက်ပျိုးရန် မြေဧရိယာဧက သုံးသိန်းကျော်ကို ရယူစိုက်ပျိုးရန် အဆိုပြုတင်ပြထားကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် နံနက်၁၀နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှ လောင်းလုံးမြို့နယ် လောင်းလုံးဆီအုန်းစက်ရုံသို့ ရောက်ရှိကြရာ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီးဗိုလ်မှူးကြီးသန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လောင်းလုံးဆီအုန်းခြံမန်နေဂျာ ဦးသန်းထိုက်က လောင်းလုံးဆီအုန်းခြံတွင် ဆီအုန်းပင်များ စိုက်ပျိုးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လောင်းလုံးဆီအုန်းစက်ရုံမှူး ဦးညွန့်တင်က တစ်နာရီ ၁၃ သမ ၅ တန်ကျ ဆီအုန်းဆီကြမ်းစက်ရုံ တည်ဆောက်ခဲ့မှု၊ ဆီအုန်းခြံမှ ဆီသီးထွက်ရှိမှု၊ ဆီအုန်းဆီကြမ်းရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လောင်းလုံးဆီအုန်းခြံ၊ ဆီကြမ်းစက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် လိုအပ်သည်များကို မှာကြားပြီး လောင်းလုံးဆီအုန်းစက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်နှင့် ဆီအုန်း ဆီကြမ်းရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ် ပုဂေါခွန်း ဆီအုန်းစက်ရုံသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပုဂေါခွန်း ဆီအုန်းခြံမန်နေဂျာ ဦးစိုးဟန်က ပုဂေါခွန်း ဆီအုန်းခြံသမိုင်းကြောင်း၊ ခြံအတွင်း ဆီအုန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆီအုန်းပင်များ၏ သက်တမ်းတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံမှူးဦးကျော်ကျော်က တစ်နာရီ ၇ တန်ခွဲကျ ဆီအုန်းစက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ပုဂေါခွန်း ဆီအုန်းခြံ၊ ဆီအုန်းဆီကြမ်းစက်ရုံတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုဂေါခွန်း ဆီအုန်းစက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့သို့ရောက်ရှိကြရာ သံဖြူဇရပ်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သံဖြူဇရပ် ရော်ဘာခြံ ခြံမန်နေဂျာရုံးသို့ သွားရောက်ကြရာ အစည်းအဝေးခန်းမ၌ သံဖြူဇရပ်ရော်ဘာခြံမန်နေဂျာ ဦးကြင်အိမ်က ရော်ဘာခြံအတွင်း ရော်ဘာပင်များစိုက်ပျိုးထားမှု၊ ရော်ဘာအစေးခြစ်ယူရရှိမှု၊ ရော်ဘာစက်ရုံမှ ရော်ဘာထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်က ရော်ဘာခြံနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရော်ဘာစပ်မျိုးစစ်ဆေး

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မတ် ၁၈ ရက် နံနက် ၈နာရီတွင် မော်လမြိုင်မြို့ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့သွားရောက်ပြီး ရှေးဦးစွာ အထွက်ကောင်းရော်ဘာမျိုးများ၊ ဌာနကသုတေသနပြုထုတ်လုပ်ထားသည့် ရော်ဘာစပ်မျိုးများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆီအုန်းအစို့ပေါက်အစေ့၊ ဆီအုန်းဆီချော၊ ဆီသပြေပင်နှင့် ဆီသပြေဆီချော၊ သစ်ဆိမ့်ဆီ၊ မက္ကာဒေးမီးယားပင်နှင့် တန်(Tung) ဆီပင်တို့ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်ရှည်ပင်များအသုံးချသုတေသနဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးအေးဖေက နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်များ၊ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်သရက်၊ မက္ကာဒေးမီးယား၊ ဆီသပြေစသည့် နှစ်ရှည်ပင်များကို မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် နှစ်ရှည်ပင်မျိုးများ ဖြစ်လာစေရန် စမ်းသပ်သုတေသနပြု ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က နှစ်ရှည်ပင်များအသုံးချသုတေသနဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အဆက်အသွယ်ပြု ဆောင်ရွက်မှုအခြေအနေ၊ သုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုးချဲ့ဆောင်ရွက်သင့်သည့်ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့် နှစ်ရှည်ပင်မျိုးများ ပေါ်ထွက်လာရေးအတွက် စေတနာထား အပင်ပန်းခံ၍ ဆက်လက်သုတေသနပြု ဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပိုးမွှားနှင့် ရောဂါကာကွယ်ရေးဌာန တစ်သျှူးနည်းဖြင့် ဆီအုန်းမျိုးပွားမွေးမြူခြင်းလုပ်ငန်း၊ အပင်မွေးမြူရေးဌာနနှင့် ဆီအုန်းမျိုးစေ့ အပူပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

စမ်းသပ်ကွက်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရော်ဘာမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် အဆိုပါ စမ်းသပ်ကွက်ကြား ကွက်လပ်နေရာများ၌ မြေဆီထိန်းပဲပင် စိုက်ပျိုးထားမှုများကိုလည်းကောင်း၊ ဆီအုန်းနှင့် သီဟိုဠ်သရက် ယှဉ်ပြိုင်စမ်းသပ်ကွက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စိုက်ပျိုးရေးဌာန၊ နည်းပညာဌာနနှင့် မြေဆီသိပ္ပံဌာနတို့၏ လုပ်ငန်းများကို ဆက်လက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကော့ကဒါ ရော်ဘာခြံသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ငွေသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရော်ဘာထုတ်ယူမှုတင်ပြ

ထို့နောက် ကော့ကဒါ ရော်ဘာခြံခန်းမ၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ကရင်ပြည်နယ်မန်နေဂျာ ဦးခွန်ရွှေသိန်းက ကော့ကဒါ ရော်ဘာခြံ စတင်တည်ထောင်ခဲ့မှု၊ ရော်ဘာ ၁၁၅၅ဧက စိုက်ပျိုးထားမှု၊ ရော်ဘာထုတ်ယူရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရော်ဘာခြံနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ ရောက်ရှိကြရာ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးသက်နိုင်ဝင်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် စက်ရုံ၏ တာယာကွန်ပေါင်းထုတ်လုပ်မှုဌာနစိတ်၊ တာယာပန်းသားထုတ်လုပ်မှုဌာနစိတ်၊ တာယာအနား သံကွင်းထုတ်လုပ်မှုဌာနစိတ်တို့၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံထုတ် စက်ဘီးတာယာနှင့် ကျွတ်အမျိုးမျိုး၊ မော်တော်ကားတာယာနှင့် ကျွတ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးခွန်းက ရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စက်ရုံဧည့်ခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူနှင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ နှစ်ရှည်ပင် ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားရှင်းလင်းပြီး ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

အီရတ်၌တစ်နှစ်အတွင်း သေဆုံးဒဏ်ရာရ ကန်တပ်ဖွဲ့ဝင်ဦးရေများပြား အီရတ်ဆေးရုံများ၌ မဆံ့သဖြင့် ဂျာမနီဆေးရုံများသို့ ပို့ရ

ဘဂ္ဂဒက် မတ် ၁၉

အီရတ်နိုင်ငံကို အမေရိကန်တို့ စတင်ကျူးကျော်တိုက်ခိုက်ခဲ့သည့်အချိန်မှစပြီး ယခုအချိန်အထိ တစ်နှစ်အတွင်း သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ၆၀၀နီးပါး ရှိသွားပြီဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်များမှာလည်း အလွန်ပင် များပြားလှကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏လုပ်ငန်းခွင်မှာပင် ညအချိန် သေနတ်ဖြင့် တိတ်တဆိတ် ချောင်းမြောင်းပစ်ခတ်ခံရခြင်းများလည်းရှိကြောင်း၊ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာတို့မှာ ဒဏ်ရာအမျိုးမျိုးရရှိကြရုံသာမက ရောဂါဘယများကိုပါ ခံစားနေကြရကြောင်း သိရသည်။

ဒဏ်ရာရ

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်ကစပြီး ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀ကျော်သည် ဘဂ္ဂဒက်မြို့ ဆေးရုံများနှင့်ပင် မဆံ့၍ ကူဝိတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံရှိ ဆေးရုံများသို့ ပို့ပြီးဆေးဝါးကုသမှု ခံယူနေရကြောင်း၊ တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်မှာ စစ်ပွဲအတွင်း သေနတ်ထိမှန်ခဲ့သည့်အပြင် ပေါက်ကွဲမှုများကြောင့်လည်း ဒဏ်ရာရရှိသူများဖြစ်ကြောင်း၊ ဖျားနာပြီး ဆေးကုသမှုခံယူနေရသော တပ်ဖွဲ့ဝင်ဦးရေမှာ၉၀၀၀ကျော်ရှိကြောင်း သိရသည်။

ပြန်ပို့

၎င်းဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်များမှအများစုကို အမေရိကန်စစ်ဘက်ဆိုင်ရာဆေးရုံများသို့ ပြန်လည်ပို့ဆောင်ခဲ့ရပြီး ၎င်းတို့ထဲမှ ဖိလာဒဲလ်ဖီးယားရှိ ဝေါလ်တာရစ်ဒ်စစ်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေရသည်။ ၎င်းတို့ထဲမှ လူနာ ၂၈၀၀ကျော်သည် အီရတ်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်သူများဖြစ်ပြီး ပြင်းထန်စွာဒဏ်ရာရရှိထားသူများလည်း ပါဝင်သည်။ အခြားဒဏ်ရာရရှိသူ အများအပြားမှာ စစ်ပွဲကြောင့် မဟုတ်ဘဲမော်တော်ယာဉ်မတော်တဆတိုက်ခိုက်မှု၊ အမြင့်မှလိမ့်ကျမှု၊ ချောင်းမြောင်းပစ်ခတ်ခံရမှုများကြောင့် ဒဏ်ရာရရှိထားသူများဖြစ်ကြသည်။

မလုံလောက်

၎င်းတို့ကို အမေရိကန်၌ ပြန်လည်ဆေးကုသပေးလျက်ရှိရာ စစ်ဘက်ဆေးကုသရေးဌာနများနှင့် ဆေးရုံများတွင် ဆေးကုသပေးရေး ပစ္စည်းကိရိယာများနှင့် လူအင်အားလုံလောက်မှုမရှိဘဲဖြစ်နေကြောင်း၊ အချို့ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ရေးရာအရပါကုသပေးရန် လိုအပ်လျက်ရှိကြောင်း၊ အရေပြားဆိုင်ရာ ရောဂါများကဲ့သို့ ကုသရန်ခက်ခဲသည့် ရောဂါခံစားနေရသူများလည်း ရှိနေကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၅၆၈ ဦးရှိပြီ

ဝါရှင်တန် မတ် ၁၉

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ လွှန်ခဲ့သည့်နှစ် မတ်လ၌ စတင်ပြီး စစ်ပွဲဆင်နွှဲခဲ့ချိန်မှစပြီး ၂၀၀၄ ခုနှစ် မတ် ၁၈ ရက် ကြာသပတေးနေ့ ရောက်ချိန်၌ အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၅၆၈ ဦးရှိသွားခဲ့သည်။

သေဆုံး

ယင်းအနက်တိုက်ပွဲကြောင့်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၅ ဦးဖြစ်ပြီး တိုက်ပွဲကြောင့်မဟုတ်ဘဲ သေဆုံးသောဦးရေမှာ ၁၈၃ ဦး ဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောဆိုသည်။

စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၂၈၄၂ ဦးဖြစ်ပြီး တိုက်ပွဲ၌ မဟုတ်ဘဲဒဏ်ရာရသောဦးရေသည် ၄၃၁ ဦးဖြစ်သည်ဟု ကာကွယ်ရေးဌာနက ဖော်ပြခဲ့သည်။

အီရတ်စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ်က မေ ၁ ရက်၌ ကြေညာခဲ့ပြီးနောက်ပိုင်း အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၃၀ ရှိခဲ့သည်။

ယင်းအနက် ၂၇၀ မှာ တိုက်ပွဲ၌သေဆုံးခဲ့ပြီး ၁၆၀ မှာတိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်ဟုသိရသည်။ (အင်တာနက်)

မတ် ၁၈ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးအနီးတွင် အမေရိကန်ဆန့်ကျင်ရေးနှင့် အီရတ်သို့ တောင်ကိုရီးယား တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆုံးဖြတ်မှုကို ဆန့်ကျင်ဆန္ဒပြနေသော ကိုရီးယား ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တို့ပါးစပ်က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကြွေးကြော် လက်တွေ့၌ အမေရိကန်တို့လုပ်ရပ် ဂုဏ်သိက္ခာကင်းမဲ့

ကိုင်ရို မတ် ၁၉

အီရတ်စစ်ပွဲ ဆင်နွှဲရခြင်းနှင့်ပတ်သက်ပြီး အီရတ်ပြည်သူလူထု၏ ထောက်ခံမှုရရှိစေရန် အမေရိကန်သမ္မတဘုရှ်အစိုးရက ကြိုးပမ်းခဲ့သည့်နည်းတူ အရှေ့အလယ်ပိုင်းဒေသ ပြည်သူများ၏ထောက်ခံမှုကိုပါ ရရှိစေရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ကျူးကျော်စစ်ပွဲဖြစ်ပွားပြီး တစ်နှစ်ကြာသည်အထိ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များသာ တိုးပွားလာကြောင်း သိရသည်။

ဆန္ဒပြ

ပြီးခဲ့သောနှစ် မတ်လက အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လမ်းမများပေါ်၌ အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများ အကြီးအကျယ်ပြုလုပ်ခဲ့သည့်နည်းတူ အမေရိကန်ကျူးကျော်ရေးသမားများကို ခုခံမည့်တိုက်ပွဲ၌ပါဝင်ရန် ရာပေါင်းများစွာသော ပြည်သူတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆောင်ရွက်မှုမရှိ

ရှေ့နေတစ်ဦးဖြစ်သော မိုဟာမက်အဘူခန်းသည် အီရတ်သို့ တိုက်ပွဲဝင်ရန် သွားရောက်ခဲ့ရာ အဆက်အသွယ်ကြောင့် ပါဝင်ခွင့်မရခဲ့သော်လည်း ယခုအချိန်အထိ သဘောထား မပြောင်းသေးဘဲ အမေရိကန်တို့သည် အရှေ့အလယ်ပိုင်းဒေသနေ ပြည်သူများအတွက် ရန်သူဖြစ်ကြောင်း၊ ပါးစပ်က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ကြွေးကြော်နေသော်လည်း လက်တွေ့ဆောင်ရွက်မှုမရှိကြောင်း ပြောကြားခဲ့သည်။

မယုံကြည်

ယခုအချိန်အထိ ကိုင်ရိုမြို့လမ်းမများပေါ်၌ အမေရိကန်တို့၏လုပ်ရပ်အပေါ် သံသယဖြစ်ပေါ်နေဆဲဖြစ်ပြီး အမေရိကန်တို့၏ဂုဏ်သိက္ခာအပေါ် ယုံကြည်မှုကင်းမဲ့ကြောင်းလည်း သိရသည်။ ဆက်ဒမ်ဟူစိန်အစိုးရ မရှိတော့သော်လည်း အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်တို့မျှော်မှန်းသလို ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မီးငြိမ်းသတ်

မတ် ၁၈ ရက်က မိုဆူးလ်မြို့တွင် လောင်စာဆီတင် ယာဉ်တစ်စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်လျက်ရှိရာ အီရတ်မီးသတ်သမားများ မီးငြိမ်းသတ်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့နှင့်ပူးပေါင်းသူ မည်သူ့ကိုမဆို အီရတ်ခုခံရေးသမားများက တိုက်ခိုက်လာ

ဘဂ္ဂဒက် မတ် ၁၈

အီရတ်နိုင်ငံအတွင်း ယခုလတ်တလောတိုက်ခိုက်မှုများကြောင့် အရပ်သားများ ပိုမိုသေဆုံးလျက်ရှိရာ ဂျာမန်လူမျိုးနှစ်ဦး၊ အီရတ်လူမျိုးနှစ်ဦးနှင့် အမေရိကန်လူမျိုးလေးဦးတို့ သေဆုံးခဲ့သည်။ အမေရိကန်တပ်ဖွဲ့များကို ဦးတည်တိုက်ခိုက်ရာမှ အီရတ်ရဲအဖွဲ့ဝင်များ၊ အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကိုပါ ပစ်မှတ်ထားတိုက်ခိုက်လာသည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သူ မည်သည့်လူမျိုးကိုမဆို တိုက်ခိုက်လာကြောင်း သိရသည်။

စဉ်းစားနေ

ယခုတိုက်ခိုက်မှုများကြောင့် ကြီးမားသည့်အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေကြောင်း၊ ပြီးခဲ့သည့်နှစ်က ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးအဆောက်အအုံအား ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂအပါအဝင် အခြားသောကယ်ဆယ်ရေးအတွက် ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများအနေဖြင့် အီရတ်နိုင်ငံသို့ ပြန်လည်စေလွှတ်ရေးကို သတိကြီးစွာထားပြီး စဉ်းစားနေရကြောင်းသိရသည်။

ထို့ပြင် စီးပွားရေးအပေါ်လည်း ကြီးမားသည့် အကျိုးသက်ရောက်မှု ဖြစ်စေခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်ရှိကန်ကုမ္ပဏီများကို ပြစ်တင်ဝေဖန်မှုများလာ

ဘဂ္ဂဒက် မတ် ၁၈

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကန်ထရိုက်များပေးအပ်ရာတွင် ယှဉ်ပြိုင်ခေါ်ယူခွင့်မရှိဘဲ အမေရိကန်ကုမ္ပဏီကြီးများဖြစ်သော ဟာလီဘာတန်နှင့် ဘက်ခ်တဲလ်အပါအဝင် ကုမ္ပဏီကြီးများသာ အလိုအလျောက် ရရှိခဲ့ရာ ကမ္ဘာတစ်လွှားမှ ပြစ်တင်ဝေဖန်မှုများ တိုးပွားလျက်ရှိသည်။ ထို့အပြင် စစ်ပွဲကို ကန့်ကွက်သည့်နိုင်ငံများကိုလည်း ကန်ထရိုက်ရရှိရေးယှဉ်ပြိုင်ခွင့် မပြုခဲ့သည့်အတွက် ယခုအချိန်အထိ ပြစ်တင်ဝေဖန်မှုခံနေရဆဲဖြစ်သည်။

ကန်ထရိုက်ရှိသည့် ကုမ္ပဏီများအနက် ဟာလီဘာတန်က ရှစ်ဘီလျံတန်ဖိုးရှိ အီရတ်ရှိ အမေရိကန် တပ်ဖွဲ့များအား စားနပ်ရိက္ခာနှင့် ရေနံရောင်းချပေးပို့ခွင့်နှင့် ရေနံမြေများ ပြန်လည် တည်ဆောက်ခွင့်ရရှိထားပြီး ဘက်ခ်တဲလ်က ကျောင်းများ၊ အခြေခံအဆောက်အအုံများတည်ဆောက်ခွင့် သုံးဘီလျံတန်ဖိုးရှိ ကန်ထရိုက်များ ရရှိခဲ့ရာ ပြဿနာများပေါ်ပေါက်လျက်ရှိသည်။

အီရတ်ရှိ အမေရိကန် တပ်ဖွဲ့များအား ရေနံတင်သွင်းရာ၌ စရိတ်ပိုမိုတင်ပြခဲ့သည်ဆိုပြီး ဟာလီဘာတန်ကုမ္ပဏီအား တရားဝင်စုံစမ်းစစ် ဆေးမှုပြုလုပ်ရန် ပင်တဂွန်က ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ကောင်းမွန်စွာ ဆောင်ရွက်မှုမရှိကြောင်း ဝေဖန်ကြရာတွင် ကုမ္ပဏီနှစ်ခုက ၎င်းတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

အမေရိကန်တို့မဆင်မခြင်ပစ်ခတ်မှုကြောင့် အီရတ်ပြည်သူများသေကျေဒဏ်ရာရ

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် အီရတ်နိုင်ငံကို မရေရာသောအကြောင်းပြ စွပ်စွဲချက်များဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက စစ်ရေးအရ မတရားကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ **စစ်အင်အားအလွန်အကျွံသုံးစွဲတိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်လည်း ဖြိုကွဲခဲ့ရပြီး** ပြည်သူတို့ အားကိုးရာမဲ့ဘဝ ရောက်ခဲ့ရသည်။ ပြည်သူများရှေ့မှ မားမားမတ်မတ်အကာအကွယ်ပေးမည့်တပ်မတော်တစ်ရပ် မရှိတော့သည့်အတွက် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ မဆင်မခြင် ပစ်ခတ်မှုများကြောင့် အီရတ်ပြည်သူအများအပြား သေကျေ ဒဏ်ရာရလျက်ရှိနေကြသည်။

မတ် ၁၀ ရက်က ဘာကူဘာမြို့၌ အမေရိကန်တို့ ပစ်ခတ်သည့် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော နေအိမ်ကို အီရတ်တစ်ဦးက ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း

အီရတ်မြင်ကွင်း

မတ် ၅ ရက်က အမေရိကန် တပ်ဖွဲ့ဝင်များ တီကရစ်မြို့ပြင်မှနေ၍ မြို့တွင်း လူနေရပ်ကွက်အတွင်းသို့ စိန်ပြောင်းများဖြင့် မဆင်မခြင်ပစ်ခတ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတ် ၆ ရက်က ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များက ဆန္ဒပြသူ လူအုပ်အတွင်းသို့ မဆင်မခြင် ပစ်ခတ်တိုက် ခိုက်နေစဉ်။ (ယင်းပစ်ခတ်မှုကြောင့် အီရတ်ပြည်သူ လေးဦး ဒဏ်ရာရရှိသွားသည်။) **(ဓာတ်ပုံ–အင်တာနက်)**

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့ ပစ်ခတ်သည့် ဒုံးကျည် ထိမှန်သောကြောင့် ပျက်စီးသွားသော နေအိမ်ကို အီရတ်အမျိုးသမီးတစ်ဦး ရှင်းလင်းနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့များက မဆင်မခြင်ပစ်ခတ်ခဲ့၍ အပြစ်မဲ့ အီရတ်ပြည်သူများ သေဆုံးရမှု

စဉ်	ရက်စွဲ	နေရာ	သေဆုံးရသူ	ဦးရေ
၁	၂၀၀၃ခုနှစ် ဧပြီမှ ဒီဇင်ဘာ	အီရတ်နိုင်ငံ တစ်ဝန်း	ကလေးများအပါအဝင် အရပ်သားများ	၁၁၂
၂	၃–၁–၂၀၀၄	ဟာဒီသာ	အိမ်တွင်းရှိ အီရတ်များ	၄
၃	၃–၁–၂၀၀၄	ဟန်သည်ျ	လမ်းဘေး၌ရပ်ကြည့်သူ	၁
၄	၅–၁–၂၀၀၄	ဘာကူဘာ	အီရတ်အမျိုးသား	၂
၅	၆–၁–၂၀၀၄	ဖော်လူဂျာ	လက်ထပ်ပြီးစ ဇနီးမောင်နှံ	၂
၆	၂၂–၂–၂၀၀၄	ကယ်ကွတ်	အရပ်သားများ	၁၀
၇	၃–၃–၂၀၀၄	ကယ်ကွတ်	အရပ်သားများ	၄
			စုစုပေါင်း	၁၃၅

မတ် ၄ ရက်က ဘဂ္ဂဒက်မြို့ တယ်လီဖုန်းရုံးအနီး၌ အမေရိကန်တို့ပစ်ခတ်သည့် စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်ကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံးလူညွှန့်တုံးစေနိုင်သော မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်သည် အဓိက ကျသောအခန်းကဏ္ဍမှ ပါဝင် လှုပ်ရှားခဲ့ရသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဒေသခံ ပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် စစ်ဆင်ရေးများဆင်နွှဲကာ တိုက်ဖျက်ချေမှုန်းခဲ့ရသည်။

ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့်ပြည်သူ လက်တွဲ၍ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်စေရန် ဤသို့ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပြည်သူနှင့်တပ်မတော်လက်တွဲ၍ တိုက်ဖျက်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်မှု	၁၉၈၈	၂၀၀၃
ဘိန်းစိုက်ခင်းဖျက်ဆီးမှု	–	ကေ ၁၅၀၀၀၀ ကျော်
ဘိန်းချက်စခန်းဖျက်ဆီးမှု	–	၂၁ ခု
မီးရှို့ဖျက်ဆီးခြင်း	–	၃ ကြိမ်
ဟန့်တားဘိန်းစိုက်ကေ	–	၇၂၇၀၀ ကေ

၂၀၀၂–၂၀၀၃ ခုနှစ် ဘိန်း စိုက်ပျိုးရာသီ၌ ဘိန်းခင်း ရှာဖွေဖျက်ဆီးခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း တွေ့ရှိရသော ဘိန်းခင်းကို ဤသို့ ဖျက်ဆီးခဲ့ကြသည်။

ပြည်သူနှင့်တပ်မတော်လက်တွဲဆောင်ရွက်ခဲ့သည့် ဘိန်းအစားထိုးလုပ်ငန်းများ

ဘိန်းအစားထိုးဆောင်ရွက်မှု	၁၉၈၈	၂၀၀၃
ဘိန်းအစားထိုးသီးနှံစိုက်ပျိုးကေ	–	၂၄၀၀၀ ကျော်
အပ်နှံဘိန်းမျိုးစေ့	–	၆၂၀၄၇ ပြည်
ဘိန်းအစားထိုးနှစ်ရှည်သီးနှံကေ	–	၂၃၅၃ ကေ
ဘိန်းအစားထိုး ရာသီသီးနှံ	–	၆၄၁၀၈ ကေ
ဘိန်းအစားထိုး နှစ်ရှည်သီးနှံ ပျိုးပင်	–	၁၇၂၆၄၆၈ ပင်

ဘိန်းခင်း ဖျက်ဆီး

မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်သားများက ဤသို့ ဖျက်ဆီးခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံများကိုလည်း တည်ဆောက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ရထားလမ်း၊ ကားလမ်းများ ဖောက်လုပ်ရေးနှင့် ပတ်သက်၍ မဟာဗျူဟာကို ကြည့်လျှင် မြန်မာနိုင်ငံတောင်ဘက်ဖျားမှ မြောက်ဘက်ဖျားအထိနှင့် အရှေ့ဘက်ဖျားမှ အနောက်ဘက်ဖျားအထိ တိုင်းရင်းသားတို့ ကူးလူးဆက်ဆံသွားလာနိုင်ရေးဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရေးကို ရှေးရှုပြီး တိုတောင်းသည့် အချိန်ကာလအတွင်း လမ်းများကို ပြီးမြောက်အောင် ဖောက်လုပ်တည်ဆောက်နေကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်ခြင်းသည် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဘဝတိုးတက်ရေးကို မြှင့်တင်နိုင်ကြောင်း**ဖြင့် လမ်းညွှန်မှုပြုထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံလျက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးအရ အကျိုးအမြတ်ရရှိရေးတစ်ခုတည်းကိုသာ အဓိကမထားဘဲ တိုင်းရင်းသားပြည်သူများ နေထိုင်လျက်ရှိသော တောင်ပေါ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာရေးတို့အတွက် အရင်းအနှီးများ မြှုပ်နှံ၍ ရထားလမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိပေသည်။

ရထားလမ်းပိုင်းအသစ်များ တိုးချဲ့ဖောက်လုပ်ဖွင့်လှစ်၍ ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိရာ ၂၀၀၂-၂၀၀၃နှစ်တွင် ခရီးဝေး ခရီးသည်ဦးရေ ၃၄ ဒသမ ၅၀၇သန်း၊ မြို့ပတ်လမ်းပိုင်း ခရီးသည်ဦးရေ ၂၇ဒသမ ၂၅၆ သန်း၊ စုစုပေါင်း ခရီးသည်ဦးရေ ၆၁ ဒသမ ၇၆၃ သန်း ပို့ဆောင်ပေးခဲ့ပြီး၊ ခရီးဝေး ခရီးမိုင် ၂၆၈၃ ဒသမ ၀၇၈သန်း၊ မြို့ပတ်လမ်းပိုင်း ခရီးမိုင် ၂၃၃ ဒသမ ၃၅၈ သန်း စုစုပေါင်းခရီးမိုင် ၂၈၂၆ ဒသမ ၄၃၆ သန်းနှင့် ကုန်တန်ချိန် ၃ ဒသမ ၄၄၂ သန်းတို့ကို သယ်ယူပို့ဆောင် ပေးနိုင်ခဲ့သည်ဟု သိရသည်။

ရထားလမ်းသစ်များဖောက်လုပ်မှုအပိုင်းတွင် ၁၉၈၈ခုနှစ်မတိုင်မီက မြန်မာ့မီးရထားရှိ ရထားလမ်းခရီး မိုင်အရှည်မှာ ၁၉၇၆ ဒသမ ၃၅မိုင်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရထားလမ်းသစ် ခရီးမိုင် ၁၀၂၂ ဒသမ ၀၁ မိုင် တိုးချဲ့ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ယခုအခါ ရထားလမ်းခရီးမိုင် အရှည်မှာ ၂၉၉၈ ဒသမ ၃၆ မိုင်အထိ ရှိနေပြီဖြစ်သည်။

ဆက်လက်၍ ဖောက်လုပ်ဆဲ ရထားလမ်း ၁၄၅ မိုင်နှင့် ထပ်မံဖောက်လုပ်ရန် ဆောင်ရွက်ဆဲ

ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ရထားလမ်းများ

ရထားလမ်း ၅၁၅ ဒသမ ၀၅ မိုင် ရှိသည်။ ဖောက်လုပ်ပြီးနှင့် ဖောက်လုပ်ဆဲရထားလမ်းများအနက် ၂၇၇ ဒသမ ၃၄မိုင် အရှည်ရှိချောင်ဦး-ပခုက္ကူရထားလမ်းသည် နိုင်ငံတော်၏ အနောက်မြောက်ခြမ်းဒေသကိုလည်းကောင်း၊ ၃၇ ဒသမ ၅၀မိုင်ရှိသည့် ရွှေညောင်-ရပ်စောက်ရထားလမ်း၊ ၁၀၁ ဒသမ ၈၂ မိုင်ရှိသည့် အောင်ပန်း-လွိုင်ကော်ရထားလမ်း၊ ၁၆၅ မိုင်ရှိသည့် ရွှေညောင်-နမ့်စန်ရထားလမ်းတို့သည် နိုင်ငံတော်၏ အရှေ့ဘက်ခြမ်းဒေသကိုလည်းကောင်း၊ အရှည် ၁၀၁ဒသမ၄၇မိုင်ရှိသည့် ရေး-ထားဝယ်ရထားလမ်းသည် နိုင်ငံတော်၏ တောင်ဘက်ခြမ်းဒေသကိုလည်းကောင်း၊ အရှည် ၉၀ဒသမ ၃၅ မိုင်ရှိသည့် ပြည်-အောင်လံ-တောင်တွင်းကြီး ရထားလမ်းသည် နိုင်ငံတော်၏ အလယ်ပိုင်းဒေသ ရိုးမအနောက်ခြမ်းကို လည်းကောင်း ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ် ပေသည်။

ထိုအထဲတွင် ယခုအခါဆိုက်ခေါင်-နမ့်စန် ၁၀၃ မိုင်ရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ ဆိုက်ခေါင်မှ ပြင်သာယာအထိ ခရီးမိုင် ၁၆ဒသမ ၈၀မိုင်နှင့် နမ့်စန်မှမိုင်းစိတ်အထိခရီးမိုင် ၁၉ဒသမ ၂မိုင်တို့ကို ဖွင့်လှစ်ထားပြီးဖြစ်၍ ကျန်ရှိနေသေးသည့် တောင်ကြီးခရိုင်ဘက်မှ ပြင်သာယာ-ထီရို၊ ထီရို-ထီထဲထိုး၊ ထီထဲထိုး- ထူးကျန့်၊ ထူးကျန့်-ပွန်ချောင်းနှင့် လွိုင်လင်ခရိုင်ဘက်မှ မိုင်းစိတ်- ဘောင်ဆိုင်း၊ ဘောင်ဆိုင်း-နမ့်မဟိတ်၊ နမ့်မဟိတ်-တောင်ကိုင်း၊ တောင်ကိုင်း- ပွန်ချောင်းအပိုင်းများအနက် မိုင်းစိတ်-ကောင်ဆိုင်း ၁၀ ဒသမ ၂၄ မိုင်နှင့် ပြင်သာယာ-ထီရို ၄ဒသမ ၃မိုင် အပိုင်းတို့ကို မကြာမီ ဖွင့်လှစ်တော့မည်ဟု သိရသည်။

ထို့အပြင် ထီရိုမှ ပွန်ချောင်းအပိုင်းတွင် တပ်မတော်သားတို့၏လုပ်အားများဖြင့် ရထားလမ်းများ ဆက်လက်ဖောက်လုပ်နေကြောင်း သိရသဖြင့် မိမိတို့သတင်းအဖွဲ့သည် ထိုဖွင့်လှစ်တော့မည့် ရထားလမ်းအပိုင်းများ ရှိရာနှင့် တပ်မတော်သားများလုပ်အားဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိနေသည့် ထီရို၊ ထီထဲထိုး၊ ထူးကျန့်၊ ထန်ဆိုင်းဒေသများသို့ သွားရောက်လေ့လာ၍ သတင်းဆောင်းပါးများ ရေးသားဖော်ပြနိုင်ရန် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့က ရန်ကုန်မှ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ ခရီးထွက်ခဲ့ကြသည်။

တပ်မတော်တွင် အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်ရှိသည်။ ပထမလုပ်ငန်းတာဝန်မှာ စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်မရှိက လေ့ကျင့်ရန်ဖြစ်သည်။ စစ်တိုက်ရန်နှင့် လေ့ကျင့်ရန်မရှိက ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် ဖြစ်သည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်တွဲကြိုးပမ်း ထမ်းဆောင်ခဲ့ကြသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလတွင် တပ်မတော်သည် မိဘပြည်သူများအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အာရုံစူးစိုက်ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။ လမ်းများဖောက်လုပ်ရာတွင် လည်းကောင်း၊ တံတားများ ဆောက်ရာတွင်လည်းကောင်း၊ ဆည်တမံများ တူးဖော်တည်ဆောက်ရာတွင်လည်းကောင်း ပါဝင်နိုင်ခဲ့ပြီ။ ယခုအခါ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲကြိုးပမ်းမှုများကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို အထင်အရှား တွေ့မြင်နေရပြီဖြစ်သည်။

ရန်ကုန်မှသာစည်ကို အမှတ်(၅)အဆန်အမြန်ရထားဖြင့် လိုက်ပါလာခဲ့ပြီး သာစည်မှ တောင်ကြီးကို ဗင်ကားကလေးဖြင့် တက်ခဲ့ကြသည်။

တောင်ကြီးဧည့်ရိပ်သာတွင် မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဆိုက်ခေါင်-နမ့်စန်လမ်း ၁၀၃ မိုင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ဒါရိုက်တာဦးတင်စိုးကိုတွေ့ရသည်။ နောက်တစ်နေ့၌ မိမိတို့သတင်းအဖွဲ့သည် ဆိုက်ခေါင်-နမ့်စန်ရထားလမ်းပိုင်းမှ မကြာမီ

ခရမ်းစိုးမြင့်

ဖွင့်လှစ်တော့မည့် ရထားလမ်းပိုင်းများနှင့် တပ်မတော်သားတို့၏လုပ်အားဖြင့် ဖောက်လုပ်နေသော ရထားလမ်းပိုင်းများရှိရာ ဆိုက်ခေါင်သို့ ခရီးဆက်ခဲ့ကြသည်။

ဆိုက်ခေါင်သို့ရောက်ပြီးနောက် ကားပေါ်မှဆင်း၍ သံလမ်းပြေး EMC ယာဉ်ကလေးဖြင့် မကြာမီဖွင့်လှစ်တော့မည့် ပြင်သာယာ-ထီရို ရထားလမ်းပိုင်းကို ခရီးဆက်ကြရပြန်သည်။ ပြင်သာယာ-ထီရိုလမ်းပိုင်း ၄ဒသမ ၃ မိုင်ကို သံလမ်းအချောများ ခင်းထားပြီးဖြစ်သည်ကိုတွေ့ရသကဲ့သို့ ဘူတာဖွင့်ပွဲများပြုလုပ်ရန် ပြင်ဆင်နေသည်ကိုလည်း တွေ့ရသည်။ မိမိတို့ သတင်းအဖွဲ့သည် အများဆုံးခွင့်ပြုဆင်ခြေလျှော ၁အချိုး ၈၀၊ အများဆုံးခွင့်ပြုကွေ့ ဒီဂရီ ၁၁ဒသမ ၆၅ ဒီဂရီ စံထားဖောက်ထားသည့်ရထားလမ်းများကို ရှမ်းတောင်တန်းကြီးများ နောက်ခံထား၍ ဓာတ်ပုံများရိုက်ကြသည်။

၎င်းနောက် ထီရိုဘူတာအကျော်တွင် သံလမ်းပြေးယာဉ်ပေါ်မှဆင်းပြီး ကားပေါ်သို့တက်၍ ထီထဲထိုး၊ ထူးကျန့်၊ ထန်ဆိုင်း၊ ပွန်ချောင်းဘက်သို့ ခရီးဆက်ခဲ့ကြပြန်သည်။ ထီထဲထိုး-ထန်ဆိုင်း-ထူးကျန့်နှင့်ပွန်ချောင်း တံတားဝန်းကျင်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရထားလမ်းဖောက်လုပ်နေကြသော တပ်မတော်သားများကို နေပူကြဲကြဲတွင် ချွေးတရွှဲရွှဲဖြင့် မြင်လိုက်ရသည်။

စာရေးသူသည် ချွေးတရွှဲရွှဲဖြင့် လုပ်အားပေးနေသော တပ်ကြပ်ကြီးတစ်ဦးအနီးသို့ ရောက်သွားပြီး စာရေးသူသိချင်သော မေးခွန်းအချို့ကို မေးလိုက်မိသည်။ သူ့အမည်ကား တပ်ကြပ်ကြီးဦးဦးထွန်းဖြစ်သည်။

"ဆရာကြီး၊ ကျွန်တော် ဆရာကြီးကို သိချင်တာလေး မေးချင်လို့"

"မေးပါ"

"ဆရာကြီးတို့ တပ်မတော်သားတွေ ဖောက်နေတဲ့ ဒီထီထဲထိုး-ထန်ဆိုင်း ရထားလမ်းပိုင်း ပြီးတော့မလား"

"ပြီးတော့မယ်၊ သိပ်မကြာတော့ဘူး"

တပ်ကြပ်ကြီးဦးဦးထွန်းသည် ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်သည်။

"ဆရာကြီး အတော်မောနေပြီနဲ့တူတယ်၊ ချွေးတွေလဲရွှဲလို့"

"မမောပါဘူး၊ တပ်မတော်သားတွေအတွက် ဒါဟာ မောတယ်လို့ မခေါ်ပါဘူး၊ ကျွန်တော်တို့တစ်တွေဟာ တိုင်းပြည်အတွက် အသက်ကိုတောင် အပ်နှင်းထားတဲ့ သူတွေပါ၊ ခုလို ကျတဲ့ချွေးတွေဟာလဲ တိုင်းရင်းသား ပြည်သူတွေအတွက်ကျတာပါ၊ ရထားလမ်းကြီးပြီးရင် တိုင်းရင်းသား ပြည်သူတွေ စိတ်အေးချမ်းသာစွာ ဆက်သွယ်သွားလာနိုင်တော့မှာပါလား ဆိုတဲ့အတွေးနဲ့ ကျွန်တော်တို့တတွေ ပီတိဖြစ်နေမိတာပါ"

"ဒါနဲ့ ဆရာကြီးက ရခိုင် တိုင်းရင်းသားနော်၊ ခုတော့ ရှမ်းတိုင်းရင်းသားတွေရဲ့ဒေသမှာ လုပ်အားတွေပေးလို့ပါလား"

"ကျွန်တော်တို့ တပ်မတော်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတာပါ၊ ဒါကြောင့် နိုင်ငံအတွင်း ဘယ်အရပ်ဘယ်ဒေသပဲရောက်ရောက် ရောက်ရာဒေသက တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးကို သယ်ပိုးနေမှာပဲ ဖြစ်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အားလုံး တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ တိုင်းရင်းသား ညီအစ်ကိုတွေ ဖြစ်နေလို့ပဲလေ"

ဒီစကားများကိုကြားရသဖြင့် ပူပြင်းသောနေရောင်အောက် ရောက်နေလင့်ကစား စာရေးသူ၏ ရင်ထဲ၌ အေးမြ၍သွားသည်။

တပ်မတော်ကို ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများ၏ ရင်နှစ်သည်းချာသားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသည်။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် သန္ဓေတည်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးကာလတွင် ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ ဘီအိုင်အေ၊ ဘီဒီအေခေတ်တွင် ကျင့်သုံးခဲ့သော တပ်မတော်၏ သဘောထားခံယူချက်မှာ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဖြစ်သည်။

မြန်မာ့တပ်မတော်သားများ ဆိုက်ခေါင်-နမ့်စန် ရထားလမ်း အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ထီရို-ထီထဲထိုးအပိုင်းတွင် ရထားသံလမ်း ကျောက်ဖြည့်ခင်းခြင်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြစဉ်။

(ဓာတ်ပုံ-မိုးမြင့်လှိုင်)



ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆိုက်ခေါင်-နမ့်စန် ရထားလမ်းပိုင် ပြင်သာယာ-ထီရိုလမ်းပိုင်းအား ရှမ်း တောင်တန်းကြီးများ နောက်

လွတ်လပ်ရေးရပြီးစချိန်တွင် ပြည် ခဲ့ပြီး ပြည်ထောင်စုကြီးသည်လည်း ဆိုက်ရောက်ခဲ့ရသည်။ ထိုအချိန်တွ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တပ်မတော်သည် ပြည်ထောင်စုမပြိုက ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာ တိုက်ပွဲဝင်ခဲ့ရပြန်သည်။

ယခုမှုတပ်မတော်သည် အဓိကပ ကာကွယ်ရေးတာဝန်နှင့် တိုင်းရင်းသာ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း ပါဝင်လျက်ရှိနေသည်။

မိမိတို့သတင်းအဖွဲ့သည် တ ပွန်ချောင်း တံတားစီမံကိန်းတွင် တစ် ပွန်ချောင်းမှ နမ့်စန်ရထားလမ်းပိုင်း ကားဖြင့်ခရီးဆက်ခဲ့ကြပြန်သည်။ ပွ သည်လည်း ရွှေညောင်မှ နမ့်စန်ရထား

ထီထဲထိုး-ထန်ဆိုင်းအပိုင်း ရထာ မြန်မာ့မီးရထားဝန်ထမ်းများနှင့်အ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အသစ်ဖောက်လုပ်နေသော ဆိုက်ခေါင်-နမ့်စန် ရထားလမ်းပိုင်းမှ မကြာမီဖွင့်လှစ်တော့မည့် ပြင်သာယာ-ထီရိလမ်းပိုင်းအား အချောသတ်ခင်းပြီးနေသည်ကို ရှမ်း တောင်တန်းကြီးများ နောက်ခံဖြင့် ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-မိုးမြင့်လှိုင်)

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆိုက်ခေါင်-နမ့်စန် ရထားလမ်းပိုင်း၌ ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ပြင်သာယာ-ထီရိလမ်းပိုင်း၌ ရထားလမ်းနှင့် ဘူတာရုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-မိုးမြင့်လှိုင်)

လွတ်လပ်ရေးရပြီးစချိန်တွင် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ပြီး ပြည်ထောင်စုကြီးသည်လည်း ပြိုကွဲရတော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ ထိုအချိန်တွင် ပြည်ပကျူးကျော်မှုကလည်း အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုခြိမ်းခြောက်လာသည်။ ထိုအခါ တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုက်ပွဲဝင်ခဲ့ရပြန်သည်။

ယခုမူတပ်မတော်သည် အဓိကတာဝန်ကြီးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်လျက်ရှိနေသည်။

မိမိတို့သတင်းအဖွဲ့သည် တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော ပွန်ချောင်း တံတားစီမံကိန်းတွင် တစ်ညတာ ညအိပ်ရပ်နားပြီးနောက် ပွန်ချောင်းမှ နမ့်စန်ရထားလမ်းပိုင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ကားဖြင့်ခရီးဆက်ခဲ့ကြပြန်သည်။ ပွန်ချောင်း-နမ့်စန်ရထားလမ်းပိုင်းသည်လည်း ရွှေညောင်မှ နမ့်စန်ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်း၏ လွိုင်လင်ခရိုင်ဘက်မှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နမ့်စန်မှ ပွန်ချောင်းအထိ ၅၅မိုင် ရှည်လျားသည်။ လမ်းပိုင်းတစ်ခုလုံး နမ့်စန်-မိုင်းစိတ်၊ မိုင်းစိတ်-ကောင်ဆိုင်း၊ ကောင်ဆိုင်း-နမ့်မဟိတ်၊ နမ့်မဟိတ်-တောင်ကိုင်း၊ တောင်ကိုင်း-ပွန်ချောင်းဟူ၍ ငါးပိုင်းခွဲပြီး နမ့်စန်မှ မိုင်းစိတ်အထိကို ရထားလမ်းဖွင့်လှစ်ပြီးဖြစ်ရာ ရထားများပြေးဆွဲပေးလျက်ရှိသည်။ ယခုတစ်ဖန် (၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ မိုင်းစိတ်-ကောင်ဆိုင်း ၁၀ ဒသမ ၂၄မိုင် ကိုလည်း ဖွင့်လှစ်ပေးသွားရန် စီစဉ်ထားသည်ဟု သိရသဖြင့် သတင်းအဖွဲ့သည် ကောင်ဆိုင်းလမ်းပိုင်းတွင် တွေ့ရသော စီမံကိန်းအင်ဂျင်နီယာဦးသန်းဝင်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဝင်းက နမ့်စန်မှပွန်ချောင်းတံတားအထိ ၅၅မိုင်ကို မိမိတို့တာဝန်ယူဖောက်လုပ်ခဲ့ကြောင်း၊ နမ့်စန်မှမိုင်းစိတ် ၁၉ဒသမ၂မိုင်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုမိုင်းစိတ်-ကောင်ဆိုင်း ၁၀ဒသမ ၂၄မိုင်ကို ဖွင့်လှစ်နိုင်ရန် အသင့်ဖောက်လုပ်ပြီးပါကြောင်း၊ ထိုလမ်းပိုင်းဖောက်လုပ်ရာတွင် ဖို့မြေ တူးမြေ မြေသားကျင်းပေါင်း ၂၄၉၀၄၁ ကျင်းကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုအပိုင်းတွင် တံတားပေါင်း ၃၅စင်း တည်ဆောက်ခဲ့ရကြောင်း ရှင်းပြသည်။

မိမိတို့သတင်းအဖွဲ့သည် ဆက်လက်၍ ဆိုက်ခေါင်-ပွန်ချောင်း ရထားလမ်း ၁၀၃မိုင်စီမံကိန်းတွင် စီမံကိန်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဒုတိယအထွေထွေမန်နေဂျာဦးတင်စိုးအား ဆက်လက် တွေ့ဆုံမေးမြန်းခဲ့ကြပြန်သည်။ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက ဆိုက်ခေါင်မှ နမ့်စန်ကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိနေကြောင်း၊ အပိုင်း(၁)က ဆိုက်ခေါင်- ပွန်ချောင်း၊ အပိုင်း(၂)က ပွန်ချောင်းတံတား စီမံကိန်းဖြစ်ကြောင်း၊ အပိုင်း(၃)ကတော့ ပွန်ချောင်းမှ နမ့်စန်ဖြစ်ကြောင်း၊ အပိုင်း(၂) ပွန်ချောင်း တံတားကြီးမှာ တည်ဆောက်ပြီးသွားပြီ ဖြစ်ကြောင်း။

ထီထဲထိုး-ထန်ဆိုင်းအပိုင်း ရထားသံလမ်းခင်းခြင်းလုပ်ငန်းတွင် မြန်မာ့မီးရထားဝန်ထမ်းများနှင့်အတူ တပ်မတော်သားများ ဤသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။
(ဓာတ်ပုံ-မိုးမြင့်လှိုင်)



တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သော နိုင်ငံတစ်ဝန်းတည်ဆောက်ပြီးရထားလမ်းများ

စဉ်	နိုင်ငံအပိုင်း	မီးရထားလမ်းအမည်	ရထားလမ်းမိုင်
၁။	အနောက်မြောက်ခြမ်း	ချောင်းဦး-ပခုက္ကူ	၂၇၇.၃၄
၂။	အရှေ့ဘက်ခြမ်း	ရွှေညောင်-ရပ်စောက်	၃၇.၅၀
၃။	အရှေ့ဘက်ခြမ်း	အောင်ပန်း-လွိုင်ကော်	၁၀၁.၉၂
၄။	အရှေ့ဘက်ခြမ်း	ရွှေညောင်-နန့်စန်	၁၆၅
၅။	တောင်ဘက်ခြမ်း	ရေး-ထားဝယ်	၁၀၁.၄၇
၆။	အလယ်ပိုင်း	ပြည်-အောင်လံ-တောင်တွင်းကြီး	၉၀.၃၅

အပိုင်း(၁) ဆိုက်ခေါင်-ပွန်ချောင်းပိုင်းတွင် ဆိုက်ခေါင်မှ ပြင်သာယာအပိုင်း ၁၆ဒသမ၈မိုင်အထိ ဖွင့်ပြီး၍ ရထားများပြေးဆွဲပေးနေပြီဖြစ်ကြောင်း၊ ယခုအခါ ပြင်သာယာ-ထီရိ ၄ဒသမ ၃မိုင်နှင့် မိုင်းစိတ်-ကောင်ဆိုင်း ၁၀ဒသမ ၂၄မိုင် တို့ကို (၅၉)နှစ်မြောက် တပ်မတော်နေ့အမီ ဂုဏ်ပြုဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိနေကြောင်း၊ ကျန်ရှိနေသည့် ထီရိ-ထီထဲထိုး-ထူးကျန့်-ပွန်ချောင်းအပိုင်းများကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်အတွင်း အပြီးဖွင့်လှစ်နိုင်ရန် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးဦးဆောင်သည့် တပ်မတော်သားများကလည်းကောင်း၊ ဝမ်ဟိုင်းကုမ္ပဏီ၊ ဒေဝူးကုမ္ပဏီ၊ HB ကုမ္ပဏီ၊ MGU ကုမ္ပဏီ၊ ရွှေသရဖူကုမ္ပဏီတို့ကလည်းကောင်း အင်တိုက်အားတိုက် စက်အင်အား လူအင်အားများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိနေကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းဖောက်လုပ်ခဲ့သော ရထားလမ်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	(တိုးချဲ့လမ်းသစ်)	၂၀၀၄
၁။	ရထားလမ်းခရီးမိုင်အရှည်	၁၉၇၆.၃၅	၁၀၂၂.၀၁	၂၉၉၈.၃၆
၂။	သံလမ်းမိုင်	၂၇၉၃	၁၁၁၃	၃၉၀၆
၃။	ဖောက်လုပ်ဆဲရထားလမ်းမိုင်			၁၄၅
၄။	ဆောင်ရွက်ဆဲရထားလမ်းမိုင်			၅၁၅.၀၅

မိမိတို့သတင်းအဖွဲ့သည် နှစ်ညအိပ်ခရီးဖြင့် ဆိုက်ခေါင်မှ နမ့်စန် ရထားလမ်းဖောက်လုပ်နေသည့် ၁၀၃ မိုင်ကို ကားဖြင့် လည်းကောင်း၊ သံလမ်းပြေးယာဉ် EMC ဖြင့်လည်းကောင်း တောအထပ်ထပ်တောင်အသွယ်သွယ်ကိုကျော်ဖြတ်၍ နမ့်စန်သို့ ရောက်ခဲ့ပြီး နမ့်စန်မှ လွိုင်လင်၊ လွိုင်လင်မှ တောင်ကြီး၊ တောင်ကြီးမှ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ ဆိုက်ခေါင်-နမ့်စန် ၁၀၃ မိုင် ရထားလမ်းအသစ် ဖောက်လုပ်မှု ကို လွိုင်လင်ခရိုင်ဘက်မှ နမ့်စန်-ပွန်ချောင်း ၅၅ မိုင်ကို နမ့်စန်မှစတင်ဖောက်လုပ် ဆောင်ရွက်နေသကဲ့သို့ တောင်ကြီးခရိုင်ဘက် ဆိုက်ခေါင်မှစပြီး ပွန်ချောင်းတံတားအထိ ၄၈ မိုင်ကို ဖောက်လုပ်လျက်ရှိနေသည်။ မျက်နှာချင်းဆိုင် ဆုံမှတ်သည် ပြီးစီးနေပြီဖြစ်သည့် ပွန်ချောင်း တံတားကြီးဖြစ်သည်။ ဆုံမှတ်သို့ရောက်သည့်အခါ တောင်ကြီးမှ မိုးနဲအထိ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီနောင်သွေးချင်းများ ရထားစီး၍ ခရီးသွားကာ ကူးလူး ယှက်နွယ် ချစ်ကြိုးသွယ်နိုင်ကြတော့မည်ဖြစ်ပါသည်။

တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူ့ဘက်က ရပ်တည်ခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အပင်ပန်းအဆင်းရဲခံကာ အသက်သွေးပေါင်းများစွာ ပေးဆက်၍ လွတ်လပ်ရေးကို ရယူခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် ခက်ခဲကြမ်းတမ်းသော ခယောင်းလမ်းကို ဖြတ်သန်းကာ ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပအဖျက်သမားများကို ရင်ဆိုင်နှိမ်နင်းခဲ့ရသည်။ ပြည်တွင်းငြိမ်းချမ်းမှုရရှိသောအခါသမယ ယနေ့ကာလတွင် တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့၏အကျိုးစီးပွားအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ရင်း မိဘပြည်သူများကို အလုပ်အကျွေးပြုလျက်ရှိသည်။ တပ်မတော်သည် ယနေ့ကာလတွင်သာမက နောင်အနာဂတ်ကာလများတွင်လည်း မိဘပြည်သူများကို ဆက်လက်အလုပ်အကျွေးပြုနေကြဦးမည် ဖြစ်ပါသည်။ ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အလှူငွေနှင့်ပစ္စည်းများလက်ခံ၊ ကျေးဇူးတင်စကားပြောကြား

ရန်ကုန် မတ် ၁၉

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ကျင်းပသည့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်သားများအတွက် အလှူရှင်များက ဒုတိယအကြိမ်အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူရှင်များတက်ရောက်

အခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေများပေးအပ်

အခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ဦးမြင့်နိုင်(ဒုတိယရှေ့နေချုပ်)၊ ဇနီး ဒေါ်တင်ဌေးလှိုင်နှင့် မိသားစုက ငွေကျပ် တစ်သိန်း၊ ဆွိုးတီးဟုမ်းအင်ဒတ်စတီ ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ မြန်မာရွှေရင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၆၈၀၀၀၀ တန်ဖိုးရှိ အမ်ဒီ-၈ အမျိုးအစား လက်ကိုင်ခန္ဓာကိုယ်ရှာဖွေရေးစက် လေးလုံး၊ ဦးရင်ဟိုင်း (ဟိုင်းကျန်းကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း (ခနအောင်ကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ ဖားကန့်ဒေသ ကျောက်မျက်ကုမ္ပဏီ ၃၂ ခုက ငွေကျပ် ၁၅ သိန်း၊ ဦးဝင်းနိုင် (ရွှေဟိန်းထက်ကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ ဦးအောင်မြင့် (လပ်ကီးစတားကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်း၊ ချန်လုံကုမ္ပဏီက ငွေကျပ် လေးသိန်း၊ ဟုန်ပန်းကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ ဦးနေဝင်းထွန်း ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသိန်း၊ ဒေါက်တာ ထွန်းကြည် အဲဗားဝင်းနားကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသိန်း၊ ဒေါက်တာ ဖွန်မောင်မောင် (ကုန်စည်ပစ္စည်းဈေးရောင်းပွဲတော်လုပ်ငန်း) ဆရာကြီး ဦးဝင်းမောင်-ဒေါ်ရင်ရင်မြင့် (သား) ဖွဲ့ဉာဏ်ရဲလင်း အောင်တမန်ဆေးတိုက်မိသားစုက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာအရှေ့တိုင်းဘဏ်က ငွေကျပ်တစ်သိန်း၊ ရိုးမဘဏ်ကုမ္ပဏီလီမိတက်က ငွေကျပ် တစ်သိန်း၊ မြန်မာမေဖလားဝါးဘဏ်က ငွေကျပ်နှစ်သိန်း၊ ဦးဆွေသန်းဥက္ကဋ္ဌနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ကြက်/ဘဲ ဈေးသူဈေးသားများက ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ် ဘဲဥ၊ ကြက်ဥဒိုင်များက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ကြက်ဥအလုံး ၆၀၀၀၊ ကဏန်းလုပ်ငန်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဆိပ်ကမ်းမြို့နယ်)က ငွေကျပ် တစ်သိန်း၊ ကဏန်းလုပ်ငန်းရှင်များအသင်းက ငွေကျပ် တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့် (ငြိမ်း) အမှတ်(၁) စက်မှုဝန်ကြီးဌာနက အရိပ်ရပျိုးပင် ၅၀နှင့် ငွေကျပ် ၅၀၀၀၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းလေးကျေးရွာမှ ဦးရှန်လွန်းက အငြိမ်းစားလစာမှ လှူဒါန်းငွေကျပ် တစ်သောင်း၊ ရန်ကုန်မြို့ ကျားပျံမကောက် ဆေးလိပ်ခုံပိုင်ရှင် ဦးစိန်တင်-ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ကျားပျံမကောက်နှင့် ကျောက်စိမ်းတောင်ဆေးပေါ့လိပ် ၁၂၀၀၀၀၊ မြန်မာမွတ်ဆလင် အမျိုးသားရေးရာအဖွဲ့ချုပ်က ငွေကျပ်၁၁၀၀၀၀၊ ဘန်ဂါလီဆွန်နီဂျာမီဗလီ အုပ်ချုပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်းနှင့် ဦးရွှေလှ(Nice Construction Group Co.,Ltd.)က ငွေကျပ် တစ်သိန်း၊ ဦးနီလေးနှင့်သားများ ရေယာဉ်ပိုင်ရှင် ပုသိမ်မြို့က ငွေကျပ် ငါးသောင်း၊ ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းနှင့် စင်ကာပူရွှေဘုရားကျောင်း ဒါယကာ မိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဦးဖြေဒေဝယက္ခဆေးတိုက်မှ တန်ဖိုးငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ဒေဝယက္ခမန်းဆေးထုပ် ၅၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဦးအောင်ရွှေစော-ဒေါ်နွဲ့နွဲ့ဝင်းမိသားစု သံကုန်မာဆိုင်မရမ်းကုန်းက ငွေကျပ်တစ်သိန်း၊ ဦးလှဝင်း-မလှဲလှဲဝင်း ဆန်းသစ်ဝင်းသဘောဆေးရောင်းဝယ်ရေးက ငွေကျပ် တစ်သောင်း၊ ဗိုလ်မှူးမျိုးသန့် (ငြိမ်း) စာရေးဆရာ မောင်မိုးယံရေးသားသည့် ငွေကျပ်နှစ်သောင်းတန်ဖိုးရှိ ဝတ္ထုတိုပေါင်းချုပ် အုပ်ရေ ၅၀၊ ဆရာကြီးကုမ္ပဏီ ဦးရန်နိုင်-ဒေါ်ရီရီသိန်းက ငွေကျပ် တစ်သိန်း၊ ဦးအောင်သီဟ ရတနာဒီပအပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီကငွေကျပ် ငါးသောင်း၊ Myanmar Anada Co.,Ltd.မှ ဦးရန်ကီစွန်းက ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ စတီးဇလုံ အလုံးရေ ၅၀၀၀၀၊ ဒေါ်အေးမြနွယ် ပုဂံဟိုတယ်မှ ငွေကျပ် သုံးသိန်း၊ ဦးခင်အောင်-ဒေါ်ခင်မြင့်သူမိသားစု မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေးက ငွေကျပ် ငါးသောင်း၊ လယ်သမားကြီး ဖိုးရာဇာ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်တင်က ငွေကျပ်ငါးသိန်း၊ ဦးအောင်မွန်- ဒေါ်လှလှမော် မြင့်မြတ်စပါးစိုက်ပျိုးထုတ်လုပ်ရေးက ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး) မေဓာဝီလမ်း မြောက်ဥက္ကလာပက ငွေကျပ် ကိုးသောင်းတန်ဖိုးရှိဆန်အိတ် ၁၀ အိတ်၊ ဦးနန်းဦး (Golden Key)ဖျော်ရည်စုံလုပ်ငန်းက ငွေကျပ် တစ်သိန်း၊ ဦးအိုက်လင်း (ဂရိတ်နိုင်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)က ငွေကျပ် ၅၄၀၀၀၀၊ မြန်မာရှုဘီ အင်တာပရိုက်ကျောက်မျက်ရတနာကုမ္ပဏီ လီမိတက်က ငွေကျပ် သုံးသိန်း၊ မြန်မာ အင်ပီရီယယ်ဂျိတ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်နှင့်အကျိုးတူ ကျောက်စိမ်း တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရှယ်ဖင်မလီကုမ္ပဏီ၊ ဂျိန်းဖောအောင်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီနှင့်ချိုးဖာမ်ကုမ္ပဏီတို့က ငွေကျပ် ၃၅၀၀၀၀ နှင့် ဦးအန်နဝါ ထရိတ်ဒါးစ် ကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၄၇ ဦးတို့ကငွေကျပ် ၁၂၅၆၆၀၀၀နှင့်ပစ္စည်းတန်ဖိုး ငွေကျပ် ၇၂၈၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၉၈၄၆၀၀၀ကို ပေးအပ်လှူဒါန်းရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသော (၅၉)နှစ်မြောက်တပ်မတော်နေ့ပြခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာပြခန်းအလိုက် ပြခန်းတာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို မှာကြားကာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

လှူဒါန်းငွေများလက်ခံ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်သားများအတွက် အလှူငွေများပေးအပ်ပွဲတွင် အလှူရှင်များမှ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၁၉

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃ - ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၁ ရက်(တနင်္လာနေ့) မွန်းတည့်၁၂ နာရီတွင် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး စက်မှုဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

၂၀၀၃ ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသားများ၏ သားသမီးများကို ဆုချီးမြှင့်ပြီး မြို့နယ်အသင်း၏ နှစ်ပတ်လည်မဂ္ဂဇင်း အမှတ်(၇)ကို ရောင်းချပေးမည်ဖြစ်ရာ အသင်းသားများနှင့် မြို့နယ်သူမြို့နယ်သားများအား စုံစုံညီညီတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

လယ်တီဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ လယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ဩဝါဒတော်အရ လွတ်လပ်ရေး ဆရာတော်ကြီး၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဆရာစံလမ်း ပရိယတ္တိသဒ္ဓမ္မာရုံ စာသင်တိုက်လွတ်လပ်ရေးကျောင်း၌ သင်္ကြန်အခါ ဧပြီ ၁၀ ရက် ညနေ ၆နာရီမှ စတင်ဖွင့်လှစ်ပြီး ဧပြီ ၁၈ရက် နံနက်၆နာရီခွဲအထိ လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်။ ယောဂီများသည် ဖုန်း-၇၀၅၄၁၆ နှင့် ဆက်သွယ်၍ စာရင်းပေးသွင်းခြင်း၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း အဖျော်ရည်များ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာပြပွဲကြည့်ရှုအားပေး ကျောက်စိမ်းကျောက်မျက်တန်ဖိုးယူရိုငွေ ၁၃ ဒသမ ၇ သန်းကျော်ရောင်းချရ

ရန်ကုန် မတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၅ နာရီမှ ည ၁၁ နာရီခွဲ အထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၃ တွဲကို တန်ဖိုး ယူရိုငွေ ၁၃၀၁၉၀၄ ဖြင့် ရတနာကုန်သည်များက အပြိုင် အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းတွင်ပင် ကျောက်စိမ်းအတွဲပေါင်း ၅၄ တွဲကို တန်ဖိုးယူရိုငွေ ၂၃၈၈၀၁၆ ဖြင့် ရောင်းချရသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများစတင်ရောင်းချမည့် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၃ တွဲကို တန်ဖိုး ယူရိုငွေ ၁၀၄၇၃၄၃၄ ဖြင့် ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးဝယ်ယူသည့် ပြည်ပနိုင်ငံ M/S. Well Gain(HK) Ltd. အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ အားပေးအပ်ချီးမြှင့်သည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် စတင်ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်မျက်အတွဲပေါင်း ၂၄ တွဲကို တန်ဖိုးယူရိုငွေ ၃၂၃၀၀၁၈ ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။

ယနေ့ညနေ ၅ နာရီအထိ ကျောက်စိမ်း၊ ကျောက်မျက် လေးရက်ပေါင်း ရောင်းရငွေ စုစုပေါင်းမှာ တန်ဖိုး ယူရိုငွေ ၁၃၇၀၃၄၅၁ ဖြစ်သည်။ မတ် ၂၀ ရက်တွင် ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

● ***ကျောဖုံးသတင်းဆောင်းပါးမှ***

ယင်းသို့ ဆည်မြောင်း တာတမံများ ဖော်ထုတ်တည်ဆောက်ခဲ့ရာ ရေလှောင်တမံများ၌ သိုလှောင်နိုင်သော ရေဧရိယာ ဧကပေထက် ကျော်လွန်သောရေများကို ရေပိုလွှဲမှ ထုတ်လွှတ်ပေးလေ့ရှိသည်။ အဆိုပါ ရေပို ရေလျှံများကို အလဟဿ မဖြစ်စေဘဲ အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် ရေကူကန်များ ထပ်မံတည်ဆောက်ခြင်းဖြင့် ရေသယံဇာတများ နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ရသည်။

ဖွင့်လှစ်မည်

ထိုသို့ တည်ဆောက်လျက်ရှိသော ရေကူကန်များရှိသည့်အနက် ရန်ကုန်တိုင်း ငမိုးရိပ်ဆည်ကို ရေကူ ထိန်းသိမ်းပေးရန်အတွက် မဟူရာ ရေလှောင်တမံနှင့်ပေါင်းလင်းရေလှောင်တမံတို့ကို တည်ဆောက်ခဲ့ရာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အတွင်းတည်ရှိသော ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံစီမံကိန်းသည် တည်ဆောက်ပြီးစီးပြီ ဖြစ်သောကြောင့် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လှည်းကူးမြို့နယ် အုန်းနဲ့ပင်ကျေးရွာ၏ အထက်ဘက် လေးမိုင်ခန့် အကွာ ပေါင်းလင်းရေလှောင်တမံသို့ မတ် ၁၈ရက်တွင် မြန်မာ့အလင်းအဖွဲ့သည် ကွင်းဆင်းလေ့လာခဲ့ရာ ဆည်မြောင်းဦးစီးဌာန ရန်ကုန်တိုင်းထိန်းသိမ်းရေးမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရှေးဦးစွာ ငမိုးရိပ်ရေလှောင်တမံနှင့် ပေါင်းလင်းရေလှောင်တမံတို့၏ ဆက်နွှယ်ပုံကို ရှင်းပြသည်။ "ငမိုးရိပ်ရေလှောင်တမံ တည်ဆောက်ခဲ့တဲ့ ငမိုးရိပ်ချောင်းဟာ ရေဝေရေလဲ ရေဆင်းဧရိယာ ၁၆၀ ရှိပါတယ်။ စတုရန်းမိုင်ဧရိယာ ၁၆၀မှ ဆင်းလာသောရေဟာ ဧကပေ ခြောက်သိန်းလေးသောင်းခန့်ရှိပြီး ငမိုးရိပ် ရေလှောင်တမံမှာ လှောင်နိုင်တဲ့ ပမာဏမှာ တစ်သိန်းလေးသောင်းသာဖြစ်ပါတယ်"

တစ်ပြိုင်တည်းတည်ဆောက်

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း ငမိုးရိပ်ရေပိုလွှဲမှရေများကိုထုတ်ပစ်နေရသော ရေပိုရေလျှံများကို အသုံးကျအောင် လုပ်ကြရန်နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပေးသောကြောင့် ဆည်မြောင်းဦးစီးဌာနမှကြံဆလုပ်ကိုင်ကြရာတွင်ငမိုးရိပ်ချောင်းကြီး၏ရေဆင်းဧရိယာအထက်တွင် ထပ်မံ၍ဆည်များတည်ဆောက်ပြီး ရေထိန်းထားလျှင် ပိုလျှံထွက်သွားသော ရေများကို ထိန်းသိမ်းနိုင်မည့် အပြင် ငမိုးရိပ်ရေလှောင်တမံ အနေဖြင့် နွေစပါးတိုးချဲ့စိုက်ပျိုးရေး၊ ရန်ကုန်မြို့တော်သောက်သုံးရေ ပေးရေးတို့အပြင် အသေးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်တို့ကို ဆောင်ရွက်နိုင်ရန်၊ မဟူရာနှင့် ပေါင်းလင်းရေလှောင်တမံတို့ကို တစ်ပြိုင်တည်းတည်ဆောက်ရန်စီစဉ်ခဲ့သည်။

ငမိုးရိပ်ချောင်း၏ ရေစီးရေလာမှာလက်ရှိရေလှောင်တမံ၏ရေသိုလှောင်နိုင်မှုထက် ပိုမိုနေပြီး စိုက်ပျိုးရေးအတွက် ဧကပေ နှစ်သိန်းကျော်နှင့် ရန်ကုန်မြို့တော်ရေပေးရေးအတွက် တစ်နေ့လျှင်ရေဂါလန်သန်း ၉၀ (၃၂၇ ဧကပေ)နှုန်းပို့လွှတ်သည့်တိုင်အောင် ရေဧကပေ နှစ်သိန်းခန့် နှစ်စဉ်ရေပိုလွှဲမှ ထုတ်လွှတ်ခဲ့ရသည်။ သို့ဖြစ်၍ ငမိုးရိပ်ချောင်း၏ ရေစီးရေလာများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် ငမိုးရိပ်ရေလှောင်တမံ၏ ရေဆင်းဧရိယာအတွင်း ရေကူကန်နှစ်ခုကို တည်၍ အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ရေတော်မိုးတော်ဖြစ်

ပေါင်းလင်းဆည်နှင့်အတူတစ်ပြိုင်နက်တည်းလိုပင်မဟူရာဆည်ကို တည်ဆောက်ရေး(၁)မှ တည်ဆောက်ခဲ့ရာ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်ကဖွင့်လှစ်နိုင်ခဲ့သည်။ ပေါင်းလင်းရေလှောင်တမံကို တည်ဆောက်ခဲ့ရာတွင် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ငမိုးရိပ် ရေသောက်ဧရိယာတွင်ရှိသည့် နွေစပါး ရေကို ယခုထက် ပိုမိုပေးနိုင်ရန်နှင့် မိုးရာသီတွင် ရေများ ပိုလျှံသဖြင့် ထုတ်ပစ်လိုက်ရသော ရေများကြောင့် လှည်းကူးမြို့နယ် တစ်ဝိုက်ရှိ ဘားလား၊ ဆင်ဖုန်အစရှိသော အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးနစ်မြုပ်ခြင်းကို ထိန်းထားနိုင်မည့်အပြင် လယ်ကွက်များအားလုံး ရေတော်မိုးတော်ဖြစ်သွားနိုင်ရန် ဖြစ်သည်။

ရေသိုလှောင်မည်

ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံသည် ပေါင်းလင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ၃၃ ဒသမ ၃ စတုရန်းမိုင်ရှိသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန်သည် လက်မ ၁၀၀ ရှိ၍ အမြင့်ပေ ၁၀၀ ရှိသော မြေသားတမံဖြင့် တမံအလျား ၂၂၃၅ ပေ ဖြစ်သော (က) ပင်မတမံ ပေ ၁၉၀၀၊ (ခ) ကုန်းကြောတမံ ၃၃၅ ပေတို့ဖြင့် ရေသိုလှောင်မည် ဖြစ်သည်။

ယင်းသို့ ရေသိုလှောင်ရာတွင် ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၁၉၂၀၀ လှောင်မည်ဖြစ်၍ ကန်ရေသေရေလှောင် ပမာဏမှာ ဧကပေ ၄၇၅၀ ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ဧရိယာသည် ဧက ၄၅၀၀ ရှိမည်ဖြစ်သည်။

ရေလွှတ်ပေးမည်

ငမိုးရိပ်ဆည်သို့ ရေထုတ်ပေးမည့် ရေထုတ်ပြွန် အရွယ်အစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ရေထုတ်ပြွန်အရွယ်အစားမှာ အကျယ် လေးပေ၊ အမြင့်ခြောက်ပေ နှစ်ပေါက်ဖြစ်ပြီး ရေထုတ်ပြွန်အလျားသည် ၃၆၇ ပေဖြစ်သည်။ ရေထုတ်ပြွန်အတွင်း ရေထုစီးနှုန်းသည် ၅၀၀ ကုဗပေ/စက္ကန့်ဖြင့် ပေ ၁၂၀၀ ရှိသော ရေထုတ်မြောင်းမှ တစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေလွှတ်ပေးမည်ဖြစ်သည်။

သိုလှောင်နိုင်သော ရေလှောင်ပမာဏကိုကျော်လွန်၍ ဝင်လာသောရေများကို အကျယ်ပေ ၃၀ရှိသော ရေပိုလွှဲမှ ရေများလွှဲပေးနိုင်ရန် ဆောင်ရွက်ထားပြီး ရေပိုလွှဲမှ ရေထုစီးနှုန်း ၆၃၀ ကုဗပေ/စက္ကန့်ဖြင့် ရေပိုများလွှဲမည်ဖြစ်သည်။

ငမိုးရိပ်ရေလှောင်တမံကို ၁၉၉၂-၉၃ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၄-၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၉၉၅ ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ကုန်ကျငွေ ကျပ်သန်းပေါင်း ၁၀၅၀ အကုန်အကျခံ တည်ဆောက်ခဲ့သည်။ မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို ၂၀၀၂ -၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၆ ရက်က ငွေကျပ်သန်း ၃၇၅ ဒသမ ၉၂ အကုန်အကျခံခဲ့သည်။ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ပြီးစီး၍ ရက်များမကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည့်အပြင် ငွေကျပ် ၄၆၆ ဒသမ ၉၇၁ သန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။

သောက်သုံးရေဖူလုံ

ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံစီမံကိန်းကို တည်ဆောက်ခြင်းဖြင့် ငမိုးရိပ်ချောင်း၏ ရေစီးရေလာကို အပြည့်အဝအသုံးချနိုင်ပြီး ငမိုးရိပ် ရေလှောင်တမံဆည် ရေသောက်ဧရိယာအတွင်းရှိလယ်ယာမြေများကို စိုက်ပျိုးရေသေချာဖူလုံစွာ ပေးဝေနိုင်မည် ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့တော် ရေပေးဝေရေးကိုပါ တိုးတက်ပေးဝေနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးနှင့် ရန်ကုန်မြို့နေ ပြည်သူလူထုသောက်သုံးရေ ဖူလုံရေးကို များစွာ အထောက်အကူပြုမည့်စီမံကိန်းဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို မတ် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-မောင်အောာ)

သင်္ကြန်ရက်အတွင်း တရားစခန်းဝင်နိုင်

ရန်ကုန် မတ် ၁၉

သထုံမြို့ ဇေတဝန် ဆရာတော်ကြီး ရန်ကုန်ဆရာတော်ကြီး ဦးဝိသုဒ္ဓနှင့် ရွှေတိဂုံ မူလ မင်းကွန်းဆရာတော် ဦးသောဘိတ (သံတွဲ)တို့ နည်းနာနိဿယအတိုင်း ဝိပဿနာ တရားများကို ပွားများအားထုတ်လိုကြသော ယောဂီသူတော်စင်များ အတွက် ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ် ၉ ရပ်ကွက် နဝရတ်ပတ်လမ်း မူလမင်းကွန်းဓမ္မရိပ်သာတွင် သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ ရက် အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားသည်။ တရားဝင်မည့် ယောဂီများသည် ဧပြီ ၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေအရောက်လာရောက်ကြရမည်ဟု သိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။



(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ဆေးနှင့်ဆေးပစ္စည်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆေးနှင့်ဆေးပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကျင်းပရာအထွေထွေ ရောဂါများကုသမှုဌာန ဌာနကြီးမှူး ဗိုလ်မှူးကြီး ရဲသွေးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရွှေဦးစွာ အလှူရှင် (Tri Star General Trading Co., Ltd.) မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူရှင် ဦးသိန်းနိုင်နှင့်အဖွဲ့က အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌တက်ရောက်ကုသနေကြသော လူနာများအသုံးပြုရန်အတွက် ငွေကျပ် ၄၁၆၆၇၁ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တပ်မှူးကိုယ်စား အထွေထွေရောဂါများ ကုသမှုဌာန ဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗိုလ်မှူးကြီးရဲသွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗန္ဓုလစစ်ကြောင်းအတွက် ငါးများလှူဒါန်း

ရန်ကုန် မတ် ၁၉

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် ဗန္ဓုလစစ်ကြောင်းမှ တပ်မတော်သားများအတွက် ငါးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်းရုံး၌ ကျင်းပရာ အဏ္ဏဝါစိုးမိုးထရေးဒင်းကုမ္ပဏီလီမိတက်မှ ငါးပိသ္တာချိန် ၂၀၀ကို ဗန္ဓုလစစ်ကြောင်းမှူး ဗိုလ်မှူးကြီး မြင့်ကိုကိုထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန်တော်လေးထီးတန်းဓမ္မာရုံဆွမ်းသိမ်းပွဲ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်

ရန်ကုန် မတ် ၁၉

(၈၂)ကြိမ်မြောက် ဆွမ်းတော်ကြီးတင်ပွဲတော် (၅၄)ကြိမ်မြောက် ဆွမ်းသိမ်းပွဲတော်၊ (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတို့ကို မတ် ၂၀ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးထီးတန်းဓမ္မာရုံ ရတနတ္တယဝေယျာဝစ္စဆွမ်းလောင်းအသင်း၌ ကျင်းပမည်ဖြစ်သည်။ မတ် ၂၀ရက်တွင် အရှင်ခေမိန္ဒ(စစ်ကိုင်း)၊ မတ် ၂၁ ရက်တွင် တွံတေးအရှင်ဣန္ဒက၊ မတ် ၂၂ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သီတဂူကြာတစ်ပွင့်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် တပေါင်းလကွယ်နေ့ (ဥပုသ်နေ့) ၂၀-၃-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာ့ပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV. (Junior Class-I)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး -(၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** အပိုင်း(၂၅)
- ၁၃:၅၀ ၇။ တစ်နေ့တန် (၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)
- ၁၄:၀၀ ၈။ **"ခံစားရင်းစံစားပါ"** (ကျော်ရဲအောင်၊ပန်းဖြူ၊ ကုသိုလ်) (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)
- ၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၀။ International News

ညပိုင်း

- ၁၆:၀၀ ၁။ -(၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use
- ၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ)(ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၅၅ ၈။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၁၀ ၉။ စားကြမယ်ဟော့ ကောင်းကောင်း
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ Discovery
- ၁၉:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၈)
- ၁၉:၄၅ ၁၄။ -(၅၃)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက် -"ပြည်သူ့အတွက်တပ်မတော်" -"ပြည်အကျိုး လုပ်ငန်းသယ်ပိုးရန်မှာ တို့တာဝန်" (သားငါး၊ သတ္တုနှင့်သစ်တော) -ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်တပ်မတော်အစိုးရလက်ထက် -သူရကန်အရောင်မိုတ်သော်လည်း(မေလှမြိုင်)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"နွေးထွေးစွာကြိုဆိုခြင်း"** (သျှားညို၊ မင်းသူ၊ ဇာနည်၊ မြသဥ္ဇာလီ၊ခိုင်နှင်းဝေ၊ဆုပန်ထွာ) (ဒါရိုက်တာ-သက်တင်)
- ၁၉။ မင်းကွန်း ဆရာတော်ကြီးဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သံလွင်ကမ်းဆီ သက်သေတည်

★ ပျိုရွယ်စဉ်ခါ၊ ရောက်ဖူးပါခဲ့
ကုန်းဆာ ပျက်ကန့်၊ ခရီးဆန့်၍
နမ့်ခ နမ့်လွေ၊ ချောင်းရေလည်းကြီး
မိုးလည်း သည်းစဉ်
လွယ်စီး မော်ဖ၊ မိုင်းညှင်းစသား
တက်ကြွပျော်ရွှင်
စစ်ဆင်ထိုးဖောက်၊ **"ပန်မကောက်"**နှင့်
ရောက်ခဲ့ဖူးပါ၊ **"အိုဗိဂါ"**တဲ့
ယပ်ခါကာလ၊ ဖြတ်သန်းရသည့်
ချောင်းမ ထိုကွေ့၊ ကိုယ်မမေ့သည်
ရက်နေ့ကြာရှည်ခဲ့လေပြီ။

★ ပျိုရွယ်စဉ်က၊ နားခိုရခဲ့
မြစ်မသံလွင်၊ အရှေ့ခွင်ဝယ်
နှံ့စင်ဖက်တွယ်၊ တောင်သွယ်သွယ်တည့်
လွယ်မွေ ကျိုင်းတုံ၊ မိုင်းပုလုံနှင့်
မိုင်းတုံ မိုင်းဆတ်၊ မိုင်းပျဉ်းပတ်လျက်
မိုင်းဖြတ် မိုင်းယောင်း၊ မိုင်းခတ်ကြောင်းပြင်
တောင်စောင်း ဖာချို၊ စခန်းကိုလွှန်
စိမ်းညိုမြင့်မှောင်၊ ကြက်ဥတောင်နှင့်
ရည်မှောင် ဆီးအုပ်၊ လွယ်ပျက်ပုတ်တည့်
လှုပ်ရှား ကျေပွန်၊ စစ်ရေးဝန်ဖြင့်
ပြည့်မွန်သားလှ၊ ငယ်ဘဝလျှင်
ကာလကြာရှည်ခဲ့လေပြီ။

★ ပျိုရွယ်စဉ်ခါ၊ ချီတက်ပါခဲ့
တာအွန်းမှုမှ၊ မယိုးယတည့်
အလု ဟိုမိန်း၊ မြလိုစိမ်း၏
ငြိမ်းချမ်းသာမော၊ မြို့မယ်အောနှင့်
မိုင်းမော လွယ်လန်း၊ တောင်မြင့်ကြမ်းလည်း
ဖြတ်သန်းကျော်လွှား၊ တို့မှနားချေ
လေး ငါး နှစ် ခွန်တောင်ချွန်ချွန်နှင့်
မိုးစွန်ထိလတ်၊ တောင်တို့ မတ်သည့်
မုန်းကျွတ်ဒေသ
ခြေချခဲ့ဖူး၊ တပ်တော်ဦးဝယ်
လွင့်မြူး အောင်လံ၊ မိုးသို့ပျံမျှ
တစ်ရံခါက၊ ကြည်နူးရသည်
ကာလကြာရှည်ခဲ့လေပြီ။

★ သြော်- စစ်ရေးဝန်တာ၊ မြတ်နိုးစွာမှ
ခါအနား၊ ယူခဲ့ငြားလည်း
မခြားနှောင်ညီ၊ အောင်စစ်သည်တို့
ဦးလည်မသုန်၊ တိုင်းပြည့်ဂုဏ်ကို
ယုံကြည် စွဲမြဲ၊ မြင့်တင်ဆဲပင်
လက်တွဲရိုင်းပင်း၊ သူငယ်ချင်းတို့
အားတင်းချီတက်၊ တိုင်းပြည့်တွက်လျှင်
စစ်ထွက် ဆင်နွှဲ၊ နေကြဆဲပင်
လက်တွဲ ကြိုဆောင်၊ ပြည်ချစ်မောင်တို့
ပြည်ထောင်စုအရေး၊ ကိုယ်စီတွေးရင်း
ပြည်ထောင်စုတေး၊ ကိုယ်စီကြွေးရင်း
ပြည်ထောင်စုသွေး၊ ကိုယ်စီဆွေးရင်း
အေးချမ်းသာယာ၊ ပြည်မြန်မာကို
ခုခါတည်ဆောက်၊ ဖြိုးမောက်ဂုဏ်အင်
မြင်ရလျှင်သော်
သံလွင်မြစ်ကမ်း၊ အရှေ့ခြမ်းကို
တ တမ်းမျှော်ရည်၊ သက်သေတည်
ပြည့်ဂုဏ်မြင့်တဲ့ သားစစ်သည်
လေးမြတ် ဂုဏ်ပြုလိုက်ပါသည်။ ။

စိုးမိုး (ပုသိမ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို စာအုပ်ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၉

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စီစဉ်မှုဖြင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင် ရုံးချုပ်) အဆောက်အအုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန် နှင့် ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စာအုပ်ဈေးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စာပေ တိုက်ပိုင်ရှင်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စာအုပ်ဈေးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက စာအုပ်ဈေးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက စာအုပ်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချကြမည့် စာအုပ်ဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ကြည့်ရှုလေ့လာဝယ်ယူနိုင်

စာအုပ်ဈေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့အပါအဝင် စာပေတိုက် ၃၉ တိုက်တို့မှ စာအုပ်ဆိုင် ၅၈ ဆိုင်တို့က ဘာသာရပ်မျိုးစုံ စာအုပ်အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ယနေ့မှစတင်၍ မတ် ၂၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ စာပေဝါသနာရှင်များလာရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အခြေခံသမဝါယမအသင်းများတောင့်တင်းခိုင်မာရေး ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးဆောင်ရွက်ရန်ဝန်ကြီးမှာကြား

ရန်ကုန် မတ် ၁၉

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် ပြည်နယ်/တိုင်း သမဝါယမဦးစီးဌာနများ၏ သမဝါယမ လုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစီအစဉ်အရ ဝန်ကြီးက အမှာစကားပြောကြားရာ၌ သမဝါယမလုပ်ငန်းများသည် မူလကပင် ရည်မှန်းချက်၊ မျှော်မှန်းချက်များထားပြီး လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်များအောင်မြင်ရန်အတွက်မှန်ကန်သည့်နည်းလမ်းများ ရှာဖွေကြိုးစားလုပ်ကိုင်ကြမှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ ပြည်နယ်/ တိုင်း ဦးစီးမှူးများက မိမိပြည်နယ် တိုင်းအလိုက် လုပ်ငန်းများကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက် သွားကြစေလိုကြောင်း၊ သမဝါယမအသင်းများအနေဖြင့် ကုန်ထုတ်ဝန်ဆောင်၊ ကုန်သွယ်လုပ်ငန်းသုံးရပ်ကို ဖြစ်မြောက်အောင် အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိသူများက သေချာစွာ ကြပ်မတ်သွားကြရန် လိုကြောင်း။

ဈေးကွက်

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများကလည်း အခြေအနေပေးပါက စိုက်ပျိုးမြေများ တိုးချဲ့ခြင်းနှင့် လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားမြင့်မားအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့နည်းတူစွာ ဝန်ဆောင်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်းများကိုလည်း ရည်မှန်းချက်မပျောက်အောင် သမဝါယမအသင်းများ ပီပြင်စွာဖွဲ့စည်း၍ လုပ်ကိုင်သင့်ကြောင်း၊အခြေခံ သမဝါယမအသင်းများတောင့်တင်းခိုင်မာရေး၊ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး စီစဉ်သွားကြရန် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

အမှာစကား

ထို့နောက် ပြည်နယ်/တိုင်း သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးများက လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်းအသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၁၉

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Isuza Motors., Ltd. Japanက အဓိက ပံ့ပိုးသည့်၂၀၀၄ခုနှစ်(၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ်၁၈ရက်နံနက်၈နာရီက ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ကျင်းကစားအပြီးတွင် အသင်းလိုက် အကျောမဲ့ပြိုင်ပွဲ၌ ရန်ကုန်တိုင်းက ၂၂၉+၂၃၂+၂၂၁ Total Gross ၆၈၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က ၂၃၁+၂၂၅+၂၃၅ Total Gross ၆၉၁ ချက်ဖြင့် ဒုတိယလိုက်ပြီး စစ်ကိုင်းတိုင်းက ၂၃၄+၂၃၅+၂၃၃ Total Gross ၇၀၂ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်း အကျောမဲ့ပြိုင်ပွဲ၌ နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က ၇၄+၇၄+၇၅ Total Gross ၂၂၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ လှမျိုး (ရန်ကုန်တိုင်း)က ၇၈+၇၆+၇၄ Total Gross ၂၂၈ချက်ဖြင့်ဒုတိယ လိုက်ပြီး အောင်ဝင်း (စစ်ကိုင်းတိုင်း)က ၇၃+၇၇+၇၉ နှင့် ဗိုလ်မှူးခင်ဇော်ဝင်း (ရှမ်းပြည်နယ်–အရှေ့ပိုင်း)က ၇၄+၇၅+၈၀ Total Gross ၂၂၉ ချက်စီဖြင့် ပူးတွဲ တတိယ လိုက်နေသည်။

အသင်းလိုက်အကျောပေးပြိုင်ပွဲ၌ ရန်ကုန်တိုင်းက ၂၀၂+၂၁၁+၂၀၄နှင့် မွန်ပြည်နယ်က ၂၀၅+၂၀၆+၂၀၆ Total Nett ၆၁၇ချက်စီဖြင့် ပူးတွဲ ဦးဆောင်ကစားလျက်ရှိသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က ၂၀၁+၂၀၅+၂၂၁ Total Nett၆၂၇ချက်ဖြင့် ဒုတိယလိုက်ပြီး မန္တလေးတိုင်းက ၂၁၅+၂၀၃+၂၁၀ Total Nett ၆၂၈ ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျောပေးပြိုင်ပွဲ၌ လှဝင်း(မွန်ပြည်နယ်)က ၆၉+၆၆+၆၇ Total Nett ၂၀၂ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ အာကျော် (မန္တလေးတိုင်း) က ၇၁+၆၅+၆၈ နှင့်ဇော်ဝင်း(မွန်ပြည်နယ်)က ၆၉+၆၇+၆၈ Total Nett ၂၀၄ ချက်စီဖြင့် ပူးတွဲဒုတိယလိုက်ပြီး လှမျိုး(ရန်ကုန်တိုင်း)က ၆၉+၆၈+၆၈ နှင့် Eike Htaung(ရှမ်းပြည်နယ်–အရှေ့ပိုင်း)က ၆၆+၆၇+၇၂ Total Nett ၂၀၅ ချက်စီဖြင့် ပူးတွဲတတိယလိုက်နေသည်။ **(သတင်းစဉ်)**

(၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက် ပြိုင်ပွဲ၏ တစ်ဦးချင်း အကျောမဲ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော ရန်ကုန်တိုင်းမှ နိုင်နိုင်လင်း ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၉

ဖျာပုံမြို့ အထက(၁)ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၆၆ ဦး တက်ရောက်ကြမည်ဖြစ်သည်။

ပူဇော်ပွဲအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် ဆရာမများအတွက် ဖွင့်လှစ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့ လှူဒါန်းလိုသူများသည် ဖြစ်မြောက်ရေးအဖွဲ့ဝင် ကျောင်းသားဟောင်းများထံ၌ ဖြစ်စေ၊ အမှတ်၃၀ ဘိုကလေးဈေးလမ်းရှိ ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း– ၂၉၁၀၈၃ သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အထက(၁)မအူပင် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၉

အထက(၁)မအူပင် သက်ကြီးအာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် အထက(၁) ရာပြည့်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးနေ အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများ ရန်ကုန် ဦးမြစိုး ဖုန်း–၅၂၇၁၈၂၊ ဦးရန်ဝင်း ဖုန်း–၂၄၁၉၀၅၊ ဦးတိုက်စိ ဖုန်း–၂၉၇၈၁၄၊ ဦးထွန်းကြွယ် ဖုန်း–၂၅၆၄၆၁၊ မအူပင် ဦးသိန်းမောင်(အားသစ် သ/မ)၊ ဦးလှမြင့်တင်(ကျောင်းအုပ်ကြီး၊ အထက–၁)၊ ဦးအောင်ထွေး (အတွင်းရေးမှူး၊ ရွှေဘုန်းမြင့်ဂေါပက)၊ ဦးကြင်ဝင်း (ငွေပဒေသာထီဆိုင်) ဖုန်း–၀၄၅–၂၁၃၈၇ တို့သို့ မတ်၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ဂါရဝပြုကြရန် ဖိတ်ကြားထားသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၂၀–၃–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"မဂ္ဂါနုပဿနာသတိပဋ္ဌာန်"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Theory of Probability (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖားစူး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း–၁၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ English Premier League ဘောလုံးပွဲ Arsenal Vs Bolton

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၉-၃-၂၀၀၅ရက်တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်အလှူငွေနှင့်ပစ္စည်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေပေါင်း ငွေကျပ် ၁၂၅၆၆၀၀၀နှင့် ငွေကျပ် ၇၂၈၀၀၀၀တန်ဖိုးရှိ ပစ္စည်းများ စုစုပေါင်းငွေသားနှင့် ပစ္စည်းများတန်ဖိုး ငွေကျပ် ၁၉၈၄၆၀၀၀ ကို လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

- ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ၁၀၀၀၀၀၀ိ/-
- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ၃၀၀၀၀၀ိ/-
- ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်-ဒေါ်တင်ဌေးလှိုင် သား ဗိုလ်ကြီးနိုင်စိုးဝင်း၊ ဗိုလ်လောင်းချမ်းငြိမ်းကျော် ၁၀၀၀၀၀ိ/-
- မြန်မာ Ananda Co.,Ltd.ဦးရန်ကီစွန်းက ကျပ်သိန်း(၅၀)တန်ဖိုးရှိ စတီးဇလုံ(၅၀၀၀၀)၅၀၀၀၀၀၀ိ/-
- ဖားကန့်ဒေသကျောက်မျက်ကုမ္ပဏီ(၃၂)ခု ၁၅၀၀၀၀၀ိ/-
- ရန်ကုန်မြို့၊ ကျားပျံမကောက်ဆေးလိပ်ခုံပိုင်ရှင် ဦးစိန်တင်-ဒေါ်တင်တင်ဝင်းမိသားစုက ငွေကျပ် ငါးသိန်းနှင့် ၅၄၀၀၀၀တန်ဖိုးရှိ ကျားပျံမကောက်နှင့် ကျောက်စိမ်းတောင်ဆေးပေါ့လိပ်(၁၂၀၀၀) ၁၀၄၀၀၀၀ိ
- Sweety Home Indurstry Co.,Ltd. ၁၀၀၀၀၀၀ိ
- ဦးရင်ဟိုင်း ဟိုင်းရှမ်း ကုမ္ပဏီလီမိတက် ၁၀၀၀၀၀၀ိ
- မြန်မာရွှေရင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ငွေကျပ်(၆၈၀၀၀၀)တန်ဖိုးရှိ (အမ်ဒီ-၈)အမျိုးအစား လက်ကိုင်ခန္ဓာကိုယ်ရှာဖွေရေးကိရိယာလေးစုံ ၆၈၀၀၀၀ိ
- ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း(ခနအောင်ဂရုပရိဂျက်ရှင်းကုမ္ပဏီလီမိတက်) ၅၀၀၀၀၀ိ
- ဦးဝင်းနိုင် ရွှေဟိန်းထက်ကုမ္ပဏီလီမိတက် ၅၀၀၀၀၀ိ
- ဦးအောင်မြင့် လပ်ကီးစတားကုမ္ပဏီလီမိတက် ၅၀၀၀၀၀ိ
- ဦးနေဝင်းထွန်း ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက် ၅၀၀၀၀၀ိ
- ဒေါက်တာထွန်းကြည် အဲဗားဝင်းနားကုမ္ပဏီလီမိတက် ၅၀၀၀၀၀ိ
- ဦးအိုက်လင်း(ဂရိတ်နိုင်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်) ၅၄၀၀၀၀ိ
- ချန်လုံကုမ္ပဏီ ၄၀၀၀၀၀ိ
- ဟုန်ပန်းကုမ္ပဏီ ၃၀၀၀၀၀ိ
- ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းနှင့် စင်ကာပူရွှေဘုရားကျောင်းဒါယကာမိသားစု ၃၀၀၀၀၀ိ
- ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မြန်မာအင်ပီးရီးရယ်ဂျိတ်ကျောက်မျက်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ရှယ်ဖင်မလီကုမ္ပဏီ၊ ဂျိမ်းဖောတောင်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ချီးဗာစ်ကုမ္ပဏီ ၃၅၀၀၀၀ိ
- ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် မြန်မာရူပီအင်တာပရိုက်ကျောက်မျက်ကုမ္ပဏီလီမိတက် ၃၀၀၀၀၀ိ
- ဒေါ်အေးမြနွယ် ပုဂံဟိုတယ် ၃၀၀၀၀၀ိ
- လယ်သမားကြီးဖိုးရာဇာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်တင် ၅ပ၀၀၀၀ိ
- ဦးအောင်မွန်-ဒေါ်လှလှမော် မြင့်မြတ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးက (၄၅၀၀၀၀)တန်ဖိုးရှိ ဆန်အိတ်(၅၀) ၄၅၀၀၀၀ိ
- မြန်မာမေဖလားဝါးဘဏ် ၂၀၀၀၀၀ိ
- ရိုးမဘဏ်လီမိတက် ၁၀၀၀၀၀ိ
- မြန်မာအရှေ့တိုင်းဘဏ်လီမိတက် ၁၀၀၀၀၀ိ
- ဦးဆွေသန်းနှင့်မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်/ဘဲ ဈေးသူ ဈေးသားများ ၂၀၀၀၀၀ိ
- မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်(ဘဲဥ၊ ကြက်ဥဒိုင်)များက (၁၈၀၀၀၀)တန်ဖိုးရှိ ကြက်ဥအလုံး (၆၀၀၀) ၁၈၀၀၀၀ိ
- ဦးဖြေ ဒေဝယက္ခဆေးတိုက်က ကျပ်နှစ်သိန်းတန်ဖိုးရှိ ဒေဝယက္ခမန်းဆေးထုပ်(၅၀၀၀) ၂၀၀၀၀၀ိ
- ဒါရိုက်တာဖွန်မောင်မောင်(ကုန်စည်ပစ္စည်းဈေးရောင်းပွဲတော်လုပ်ငန်း)ဆရာကြီးဦးဝင်းမောင်-ဒေါ်ရင်ရင်မြင့်၊ သား မောင်ဇွဲဉာဏ်ရဲလင်း၊ အောင်တမန်ဆေးတိုက်မိသားစုက (၁၂၀၀၀၀)တန်ဖိုးရှိ အောင်တမန်ကွမ်းရွက်အခိုးပွင့် နတ်သုဒ္ဓါအပူငြိမ်းအားဆေးထုပ်(၁၂၀၀) ၁၂၀၀၀၀ိ
- ကဏန်းလုပ်ငန်းထိန်းသိမ်းရေးနှင့်ကြီးကြပ်မှုကော်မတီ(ဆိပ်ကမ်းမြို့နယ်) ၁၀၀၀၀၀ိ
- ကဏန်းလုပ်ငန်းရှင်များအသင်း ၁၀၀၀၀၀ိ
- မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့ချုပ် ၁၀၁၀၀၀ိ
- ဘန်ဂါလီစွန္နီဂျာမေပလီ၊ အုပ်ချုပ်ရေးအဖွဲ့ ၁၀၀၀၀၀ိ
- ဦးရွှေလှ (Nice Construction Group Co.,Ltd.) ၁၀၀၀၀၀ိ
- ဦးနန်းဦး (Golden Key) ဖျော်ရည်စုံလုပ်ငန်း ၁၀၀၀၀၀ိ
- ဦးအဏ္ဏဝါ (Trade Park Co.,Ltd.) ၁၀၀၀၀၀ိ
- ဆရာကြီးကုမ္ပဏီ ဦးရန်နိုင်-ဒေါ်ရီရီသိန်း ၁၀၀၀၀၀ိ
- ဦးသန်းမောင်-ဒေါ်ငွေကြည် ချမ်းမြေ့စတိုး၊ မေခါဝီလမ်း၊ မြောက်ဥက္ကလာပက (၉၀၀၀၀)တန်ဖိုးရှိ ဆန်အိတ် (၁၀)အိတ် ၉၀၀၀၀ိ
- ဦးအောင်သီဟ ရတနာဒီပအပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီလီမိတက် ၅၀၀၀၀ိ
- ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သား မောင်ရန်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး ၅၀၀၀၀ိ
- ဦးဝင်းမြင့်(ငြိမ်း) ဒုကြီးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းက ကျပ် (၅၀၀၀)နှင့် အရိပ်ရပျိုးပင်(၅၀) ၅၀၀ိ
- ဦးရှန်လွန်း အင်းလေးကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်က ပင်စင်ချွေးနဲ့စာမှ လှူဒါန်းငွေ ၁၀၀၀၀ိ
- ဦးနီလေးနှင့်သားများ ရေယာဉ်ပိုင်ရှင်၊ ပုသိမ်မြို့ ၅၀၀၀၀ိ
- ဗိုလ်မှူးမျိုးသန့်(ငြိမ်း) (စာရေးဆရာမောင်မိုးယံ)ကိုယ်တိုင်ရေးသားသည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်(၅၀) ၂၀၀၀၀ိ
- ကိုလှဝင်း-မလဲ့လဲ့ဝင်း ဆန်းသစ်ဝင်းသင်္ဘောဆေးရောင်းဝယ်ရေး ၁၀၀၀၀ိ
- ဦးအောင်ရွှေစော-ဒေါ်နွဲ့နွဲ့ဝင်း၊ သား ဟိန်းနိုင်အောင်သံကုန်မာဆိုင်၊ မရမ်းကုန်း ၁၀၀၀၀၀ိ

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ။

ပိဋကတ်သုံးပုံ ပါဠိ-မြန်မာလှူဒါန်း

ရန်ကုန် မတ် ၁၉

နှစ်ဖက်သောမိဘများကို အမှူးထား၍ သုခမ္မမဏိဇောတရေ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering Supply Co.,Ltd. & Fresh Airconditioner Co.,Ltd.) မိသားစုတို့က ပဲခူးတိုင်း ပေါင်းတည်မြို့နယ် ဓမ္မသုခိကန်ငယ်ကျောင်းတိုက်၊ သရက်ချဉ်ပေါက်ကုန်းကျောင်းတိုက်၊ သာလုပင်စည်ကျောင်း၊ မကွေးတိုင်း နတ်မောက်မြို့နယ် ဝွေးတောက်ကုန်းကျောင်းတိုက်၊ မန္တလေးတိုင်း လယ်ဝေးမြို့နယ် သာဝတ္ထိအုပ်စု အင်းသာမြောက်ကျောင်း စုစုပေါင်း ငါးကျောင်းအတွက် ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ပိဋကတ် သုံးပုံ(ပါဠိ/မြန်မာ)များအား ပေးအပ်လှူဒါန်းပွဲကို အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ဝိသုဒ္ဓါရုံကျောင်းတိုက်၌ မတ် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ အလှူရှင်မိသားစုက သက်ဆိုင်ရာကျောင်းတိုက်ဆရာတော်များထံ ပိဋကတ်သုံးပုံ(ပါဠိ/မြန်မာ)တစ်စုံစီကို **(အပေါ်ပုံ)** ပေးအပ်လှူဒါန်းပြီး ရေစက်ချ တရားတော် နာယူကြကြောင်း သိရသည်။

(က-ပ)

အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၉

၁၉၆၄ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် ပထမနှစ် ကျောင်းသားကျောင်းသူများ၏နှစ်(၄၀)ပြည့် အထိမ်းအမှတ်နှင့် သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် စနေနေ့နံနက် ၉နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးကျော်ဘုန်းမြင့် (ဗစ်တာကျော်ဖြိုး) ဖုန်း-၆၆၇၈၈၈၊ ဦးသန်းထွေး ဖုန်း-၀၉-၈၀-၃၂၉၁၆၊ ဒေါ်နွဲ့ ဖုန်း-၆၆၀၅၈၃၊ ဒေါ်လဲ့လဲ့ချစ် ဖုန်း-၅၄၄၃၆၉၊ ၅၅၄၄၇၂၊ ဦးဘုန်းသွင် ဖုန်း-၅၈၄၆၉၆၊ ဦးဝင်းဌေး ဖုန်း-၅၇၉၅၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

ရန်ကုန် မတ် ၁၉

မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ခင်ကြူ၊ လူမှုဖူလုံရေးအဖွဲ့ မန္တလေးတိုင်း တိုင်းမန်နေဂျာ ဦးဌေးအောင်တို့ ဦးဆောင်လျက် သမားတော်ကြီး ဒေါက်တာ ဦးသန်းမောင်၊ သားဖွားမီးယပ်အထူးကု ဒေါက်တာ ဒေါ်မေခိုင်၊ ခွဲစိတ်အထူးကု ဒေါက်တာ စိုးလှိုင်၊ နား၊နှာခေါင်း လည်ချောင်း အထူးကုဒေါက်တာဒေါ်ခင်လှလှမျက်စိ အထူးကု ဒေါက်တာ ဒေါ်စန်းစန်းနွယ်နှင့် သွားအထူးကု ဒေါက်တာ ဦးစိန်ကျော်တို့ အဖွဲ့သည် မတ် ၁၆ ရက်က စဉ့်ကိုင်မြို့ အမှတ်(၃)စက္ကူစက်(ပလိပ်)ရှိ အာမခံဝန်ထမ်းများအနက်မှ ဝန်ထမ်း ၁၅၁ ဦးအား ကွင်းဆင်းဆေးကုသမှုပေးပြီးနောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ခင်ကြူနှင့် တိုင်းမန်နေဂျာဦးဌေးအောင်တို့က ကျန်းမာရေး ပညာပေးနှင့် လူမှုဖူလုံရေးစီမံကိန်းဆိုင်ရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

သာသနာ့ဝန်ဆောင်အဖွဲ့က ကြီးမှူး၍ ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီတင့်တယ်သော ဘဝဟန်ပန်ပျိုးထောင်ရေး အစီအစဉ်အဖြစ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မတ်၂၉ရက်မှ ဧပြီ၇ ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ၁၁ နာရီအထိ ဗဟန်းမြို့နယ်အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရှင်သာမဏေဓမ္မဗိမာန်တွင်ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူနှင့် အထက် တက်ရောက်နိုင်ကြောင်းသိရသည်။**(က-ပ)**

ချောင်းဆုံမြို့နယ် ပရိယတ္တိ ဟိတကာရီအဖွဲ့က ကြီးမှူးကျင်းပ နှစ်ဘာသာရေးဖြေအောင် သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

ချောင်းဆုံ မတ် ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်လုံးဆိုင်ရာ သံဃာ့ပေါင်းစုံ ပရိယတ္တိ ဟိတကာရီအဖွဲ့က ကြီးမှူးကျင်းပသော (၄၉)ကြိမ်မြောက် ပရိယတ္တိ နှစ်ဘာသာရေးဖြေစာမေးပွဲအောင် သံဃာတော်များအား အောင် လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို မတ် ၅ ရက်က ချောင်းဆုံမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်း၊ စာဖြေပွဲကျင်းပရေးကော်မတီဝင်များနှင့် စာအောင်သံဃာတော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စာဖြေပွဲကြီးကြပ်ရေးကော်မတီနာယကအသင်း၏ ဩဝါဒစရိယ ဆရာတော်များနှင့် စာဖြေပွဲကြီးကြပ်ရေး ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး စာအောင်သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်း၊ စာဖြေပွဲကျင်းပရေးလုပ်ငန်းဆပ်ကော်မတီများ၊ ဥက္ကဋ္ဌ ဦးမျိုးလွင်၊ အတွင်းရေးမှူး ဦးယုရှိန်နှင့် ကျင်းပရေးကော်မတီဝင်များက သံဃာတော်များအား အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ (၁၆၈)

ဖေဖော်ဝါရီ ၅ ရက်က သရက်မြို့ မြို့နယ်အဆင့် ဒုတိယအကြိမ်ယဉ်ကျေးမှုသင်တန်းထူးချွန်စွာ အောင်မြင်ကြသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဓမ္မယသိဒ္ဓိဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (၁၄၅)

လောကဥသျှောင်မြဘုန်းရောင်စေတီထီးတော်သစ်တင်လှူ

မော်ဘီ မတ် ၁၆

မော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ကြက်ဖြူကန်ကျေးရွာရှိ ကိုးလုံးကွင်း ပရိယတ္တိစာသင်တိုက်၏ ပဋိပတ္တိဌာနခွဲဖြစ်သော အောင်ဇမ္ဗူအေး ဖောဓိရိပ်သာ ကျောင်းဝင်းအတွင်း ရှေးဟောင်းစေတီတော်အား အတောင် ၁၈တောင်အထိ ပြုပြင်မွမ်းမံ၍ လောကဥသျှောင် မြဘုန်းရောင်ဆုတောင်းပြည့် ဘွဲ့တော်ဖြင့် ကိုးလုံးကွင်းပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ အာဒိစ္စဆရာတော်ကြီး ဦးစီး၍ ဘုရားဒါယကာ ဦးကျော်ထွန်းနှင့် ဇနီးဒေါ်ယုယုခိုင်၊ သိမ်ဒါယကာ ဦးဖေချစ်ကြိုင်နှင့် ဇနီး ဒေါ်သီတာရွှေ(စတားစတိုး) အင်းစိန်ကြို့ကုန်းလမ်းဆုံ မိသားစုနှင့် အလှူရှင်များ၊ ပြည်သူများက မတ် ၅ ရက် နံနက်တွင် ထီးတော်အသစ်တင်လှူပူဇော်ပြီး မတ် ၆ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ အခမ်းအနားများ ကျင်းပကြကြောင်း သိရသည်။

(ယာပုံ)(က-ပ)

မုဒုံမြို့ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မုဒုံ မတ် ၁၅

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ် ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း (စီမံချက်) လက်တွေ့သရုပ်ပြလေ့ကျင့်မှုဖြင့် ပြသရှင်းလင်းခြင်းအခမ်းအနားကို မတ် ၆ ရက်က မုဒုံမြို့ ရွှေဟင်္သာဈေးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်နှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်က မီးငြိမ်းသတ်နည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြလေ့ကျင့်မှုဖြင့် ရှင်းလင်းခြင်းကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ယင်းနောက် မီးသတ် ဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာသည့် ဈေးသူ ဈေးသားများနှင့် စည်ပင်ဝန်ထမ်းများကို မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း လေ့ကျင့်မှုများ ပြသရှင်းလင်းကြပြီး သင်ကြားပို့ချပေးခဲ့သည်။

(မြို့နယ် စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဖေဖော်ဝါရီ ၇ ရက်က တောင်သာမြို့နယ်တွင် ဆောင်ရွက်ပြီးစီးသော အမှတ်(၆) မမြှာရုံလမ်း ကျောက်ချောလမ်းဖွင့်ပွဲကို မြို့နယ်မှူး ဒုတိယရဲမှူး ခင်မောင်စိမ်းနှင့် အင်ဂျင်နီယာ ဦးမိုးသာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၁၂)

နွားထိုးကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် နွေစပါးစိုက်ရန် ကျေးရွာနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်

နွားထိုးကြီး မတ် ၁၀

